# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (27-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၂)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း**

စာမျက်နှာ - ၁၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံစဉ်။




ရတနာပုံ
၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်

ရှေးယခင်က မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးဆိုသည်မှာမရှိခဲ့ပေ။ သမိုင်းဆိုင်ရာဖော်ပြချက်များအရ ၁၆ ရာစုတွင် ပေါ်တူဂီလူမျိုးများ မြန်မာနိုင်ငံကို စတင်ရောက်ရှိလာပြီး ပဲခူးမြို့မှာ ဘိန်းအရောင်းအဝယ်လုပ်ခဲ့ကြသည်။ ၁၇ ရာစုတွင် ဒတ်(ချ်)ကုမ္ပဏီ၏မှတ်တမ်း၌ မလ္လကာမြို့မှ ဘိန်းများကို ယိုးဒယားနိုင်ငံသို့ပို့ဆောင်ရန် မြန်မာနိုင်ငံ ပဲခူးတိုင်းမှတစ်ဆင့် ယူဆောင်ခဲ့ကြပြီး ပဲခူးဆိပ်ကမ်း၌ စတင်ရောင်းချခဲ့ကြသည်။ ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီးတွင် ဗြိတိသျှတို့သည် ရခိုင်နှင့်တနင်္သာရီဒေသတို့ကို ဘိန်းများတင်သွင်းခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမြောက်ပိုင်း ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသတို့၌ အာသံပြည်နယ်က ဘိန်းမျိုးစေ့များရောက်ရှိလာရာမှ ဘိန်းစိုက်ခင်းများ စတင်ပြန့်ပွားလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါးကို တစ်မျိုးသားလုံး လူညွန့်တုံးစေနိုင်သည့်အရာဟု သတ်မှတ်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဖိဖိစီးစီးဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်၊ ဇန်နဝါရီ ၁၀ ရက်၊ ဇန်နဝါရီ ၁၁ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာအမြောက်အမြားကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၅ ရက်တွင် နေရာတစ်နေရာ၊ ဇန်နဝါရီ ၁၆ ရက်တွင် နေရာသုံးနေရာ၊ ဇန်နဝါရီ ၁၈ ရက်တွင် နေရာသုံးနေရာ၊ ဇန်နဝါရီ ၁၉ ရက်တွင် နေရာနှစ်နေရာနှင့် ဇန်နဝါရီ ၂၀ ရက်တွင် နေရာတစ်နေရာတို့မှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများကို ထပ်မံသိမ်းဆည်းနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၂၄ ရက်ထိ မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့တို့က မူးယစ်ဆေးဝါးချက်လုပ်သောနေရာ ၁၂ နေရာတို့ကို ဖော်ထုတ်ရှင်းလင်းခဲ့ရာ ဘိန်းဖြူ၊ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် စိတ်ကြွဆေးပြား အမြောက်အမြားထုတ်လုပ်မှုများကို စိစစ်တွေ့ရှိခဲ့ရပြီး ဆက်လက်ဖော်ထုတ်ရှင်းလင်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသောစွမ်းအားစု၊ အရင်းအမြစ်များကိုအသုံးပြုပြီး ပြည်သူလူထုနှင့်အတူပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအသိုက်အဝန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသောကြောင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါက ပြည်သူများအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြခြင်းဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုကို ယခုထက်ပို၍ တားဆီးကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၄၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၄၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံဧက ၁၀၈၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၄၁၄၁ ဧက၊ ကနီမြို့နယ်တွင် ၈၅၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၈၄၁ ဧက၊ ပုလဲမြို့နယ်တွင် ၆၆၁ ဧက စုစုပေါင်း ၈၄၉၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဂျုံဧက ၁၀၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၈၄၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ဆောင်ရွက်ပေးနေပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ဂျုံအထွက်တိုးအောင်ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ထောပတ်ပဲနီများ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ထိုသို့ထောပတ်ပဲနီ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင်အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ ဝယ်ယူမှု ကောင်းလာပါတယ်။ ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ အခုလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီထိ အရောင်းအဝယ်က ဒီထက်ပိုပြီး ဆက်ကောင်းနေဖို့ပဲရှိပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထောပတ်ပဲနီများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မရွေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၀၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ကိုးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကောင်းမြို့နယ် နန့်လှိုင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် နန့်လှိုင်ကျေးရွာ၌ ကျေးရွာစာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ နန့်လှိုင်ကျေးရွာတွင် ကျေးရွာစာသင်ကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နန့်လှိုင်ကျေးရွာတွင် VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် ၃ ဒသမ ၁ သန်းတို့ဖြင့် အလျား ပေ ၆၀၊ အကျယ် ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာစာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# ရေကြည်မြို့နယ် ထန်းပင်ကျိုးကျေးရွာ၌ စီမံကိန်းမိတ်ဆက်၍ လုပ်ငန်းအဖွဲ့ဖွဲ့စည်း

**ရေကြည် ဇန်နဝါရီ ၂၆**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကျိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် အကျိုးဝင်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၈၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ကုက္ကိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းတင်ပို့ရောင်းချနေကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ တစ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြားထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့ လုပ်ငန်းပါ။ အခုလို ငါးမြွေထိုးခြောက်တွေ အမှာကုန်များလာတာကြောင့် ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန် အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးမြွေထိုးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ရှင်ထွေးညို၏ ပြည်စုန်မော်ကွန်း

**ပြေအေးသက်**

ပြည်စုန်မော်ကွန်းကို ၈၃၄ ခုနှစ်တွင် စစ်လျင်ထောင်မှူး ရှင်ထွေးညိုအမည်ရှိသော စာဆိုတော်က ဖွဲ့ဆိုခဲ့သည်။ ထိုစာဆိုတော်သည် အဝဘုရင် နရပတိမင်းကြီး ၈၀၄ ခုနှစ်မှ ၈၃၀ ပြည့်နှစ်ထိ လက်ထက်မှစ၍ ရွှေနန်းကြော့ရှင် နရပတိ ၈၆၃ ခုနှစ်မှ ၈၈၈ ခုနှစ်ထိ လက်ထက်တော်တိုင် စစ်သူရဲတစ်ထောင်ကို အုပ်ချုပ်ရသော ဗိုလ်မှူးကလေးဖြစ်သည်။ စစ်လျင်ဟူသောစကားမှာ စစ်တပ်မတော်ကြီး၏ရှေ့တော်မှ အဦးဆုံးထွက်ခွာသွားရသော ကင်းစမ်းတပ်မတော်ဖြစ်သည်။ ရှင်ထွေးညိုသည် ပြည်စုန်မင်းကြီးနှင့်အတူ ညီတော်မင်းကြီးစွာကို နှိမ်နင်းရာသို့လိုက်ပါသွားပြီးလျှင် အပြန်တွင် ဤမော်ကွန်းကို ရေးသားသည်။ ဤမော်ကွန်းမှာ မော်ကွန်းမည်ကာ မတ္တမဟုတ်ဘဲ ရေလားအဖွဲ့သဘောမျိုး အပါအဝင်ဖြစ်သည်။ နောက်နောင်ပေါ်ပေါက်လတ္တံ့သော ရေလားအဖွဲ့များ၏ ရှေ့တော်ပြေးလည်းဖြစ်သည်။ ဤမော်ကွန်းတွင် လိုရင်းအချက်ထက်မပိုလွန်စေဘဲ တိုတိုတုတ်တုတ်နှင့် ပေါ်လွင်ထင်ရှားအောင် ဖွဲ့ဆိုထားသည်။ ဖွဲ့နွဲ့ပုံမှာ ရှင်းလင်းပြီး ရာဇဝင်ဗဟုသုတကိုလည်း များစွာ ပေးပေသည်။

**ရာဇဝင်တော်ကြီးများနှင့်**

ထိုမော်ကွန်းကိုပင် ဦးကုလားရာဇဝင်၊ မဟာရာဇဝင်ကြီးတို့က ရာဇဝင်ကြောင်းကို အထောက်အထားပြု၍ ကူးယူကြသည်။ ပုံစံအားဖြင့် ပြည်စုန်မော်ကွန်း စာပိုဒ်ရေ ၄၂ တွင် "ပြည်ဆိပ်တူရှု၊ သဲကမ်းဖြူထက်၊ ထပ်တူတည်လျှင်း၊ အိမ်ရှေ့မင်းနှင့်၊ ရန်တင်းရှာရှာ၊ နော်ရထာလျှင်၊ တောင်တာခံခံ၊ ရေကြောင်းရံ၍၊ ရဲစံကိုးကိုး၊ မင်းမျိုးမင်းဆွေ၊ တည်လေကြည်းဘက်၊ နိုင်ချင်ကြက်သို့၊ အဘက်သင့်စွာ၊ မတ်ရာတလိုက်၊ ရှမ်းပိုက်ရိုင်းရိုင်း၊ နဝင်းခိုင်းလျက်၊ ဆိုင်းဆိုင်းပီပြင်၊ တပ်တာဆင်သည်၊ ဝန်းကျင်ပတ်ပတ်လည်ရံတည်း" စသည်ဖြင့် ဖွဲ့နွဲ့ထားရာ ရာဇဝင်ဆရာများက မြို့တော်ကို လုပ်ကြံတော်မူရာတွင် ခန့်ထားတော်မူသည်ကား သားတော် အိမ်ရှေ့မင်းနော်ရထာကို တောင်ရှည်ကရေကြောင်း ရံစေတော်မူ၏။ ရှမ်းတို့ကို နဝင်းက ရံစေတော်မူ၏။ အမှုးအမတ်အပေါင်းကား ပြည်မြို့ကို ပိတ်မိအောင် ရံစေပြီးလျှင်ဟူ၍ ကူးယူထားသည်ကို တွေ့ရသည်ဟုဆိုသည်။

**ဘုန်းတော်ဖွဲ့ဆိုခန်း**

ရှင်ထွေးညိုသည်လည်း မိမိ၏မော်ကွန်း၌ မိမိအရှင်သခင် ဘုရင်မင်းမြတ်၏ ဘုန်းတော်ကိုချီးကျူးလိုသောကြောင့် ပြည်စုန်မော်ကွန်းစာပိုဒ်ရေသုံး၌ "နရာတံဆိပ်၊ လူ့ထိပ်နှစ်စုံ၊ ကာမဘုံကို၊ အုပ်ခြုံစိုးပြီး၊ တန်းခိုးမီးဖြင့်၊ ရောင်ညီးဝင်းဝင်း၊ လေးကျွန်းချင်းသား၊ သနင်းလူတွင်၊ စကြာ့ရှင်နှင့်၊ အသွင်နှိုင်းလျက်၊ ခိုင်းကြဘက်၍၊ အထက်နန်းမ၊ ဖွင့်လတ်ကလျှင်၊ သာလှတိုင်းကား၊ ရပ်ရှားပါးမှ၊ ဝန်းလျားပြည်ထောင်၊ မင်းကုန်အောင်တို့၊ အခေါင်ရှိညွှတ်၊ ပူဇော်လတ်သော်၊ အထွတ်ရွှေဘုန်း၊ နတ်နှင့်နှုန်းသည်၊ ပွင့်တုန်းရေးကျိုး သမ္မာတည်း" စသည်ဖြင့် စကြာမင်းနှင့် နှိုင်းနှုန်းဖွဲ့ဆိုထားသည်။ ထို့ပြင် စာပိုဒ်ရေငါး၌လည်း "ကြငှန်းတည်ထောက်၊ မင်းဆုံးမြောက်က၊ တယောက်မကျန်၊ မလှန်ကြဝံ့၊ ညွှံ့လေစောင်မာန်၊ မပြန်နှစ်ဆစ်၊ မိုးကြိုးပစ်သို့၊ ရန်မြစ်စတေ၊ သုန်းဖျင်းကျေဟု၊ ကျော်လေသတင်း၊ နှံ့ခြင်းသွေးသီ၊ မချီလှံ့ထား၊ လေးမြားတောင့်လွယ်၊ ပယ်သည်ရန်ငွေ့၊ မဟော့လက်တူ၊ မပြူမြင်းဆင်၊ အားလုံးငြင်သည်၊ ညွှတ်ဝင်ထံရင်း စကြာတည်း" စသည်ဖြင့် စကြာမင်းထံရှေ့ ရန်ငွေ့ပယ်သည်ဟု ချီးမြှောက်ဖွဲ့ဆိုထားသည်။ ပြည်စုန်မော်ကွန်း၏ စာပိုဒ်ရေတစ်မှ ငါးထိသည် ဘုန်းတော်ကို ဖွဲ့ဆိုထားသည်။

**ပြည်စားနှင့် သာယာဝတီစားတို့ ပုန်ကန်ပုံ**

ညီဖြစ်သူ ပြည်စားမင်းကြီးစွာနှင့် ဦးရီးတော်သာယာဝတီစားကျော်စွာတို့ ပုန်ကန်ပုံကို ပြည်စုန်မော်ကွန်းစာပိုဒ်ရေ ခြောက်မှ ၁၀ ထိတွင်ဖွဲ့ဆိုထားရာ စာပိုဒ်ရေ ရှစ်၌ "ရွှေတောင်နန်းကို၊ ပြဋ္ဌာန်းစိုးလစ်၊ ယင်းသည့် နှစ်က၊ သက္ကရာဇ်အစွန်၊ လေးခုလွန်သော်၊ မျက်မာန် မရှေး၊ ဘုရင်သွေးအား၊ လုပ်ပေးကြံရှာ၊ လျာကာသို့ အောင်၊ ညှာတာရှောင်လည်း၊ ကြောင်နှင့်ကြက်မြုံ၊ ပမာတုံသား၊ ထုံးပုံပြင်ကို၊ နတ်ရှင်မှတ်ပြီး၊ မုန်ညင်းသီးရှိ၊ မီးကိုတျင်းတျင်း၊ အကြွင်းမထား၊ ပွါးသော်လောင်ပြန်၊ ရန်လည်းထို့နှယ်၊ ပယ်သော်ကောင်းဟု၊ ကျိုးကြောင်းမြော်တင်း၊ နားတော်သွင်းသည်၊ ခပင်းအားလုံး မှတ်ရာတည်း" ဟု ဖွဲ့ဆိုထားရာ ဘုရင်ဖြစ်သူ ပြည်စုန်မင်းသီဟသူကို ရန်မီးရန်ကြွင်း မုန်ညင်းသီးစေ့လောက်ပင် မထားသင့်ကြောင်း၊ ထိုမီးကပင်ပွား၍လောင်တတ်ကြောင်းကို သတိပေး

❖ ပြည်စုန်မော်ကွန်းကို ၈၃၄ ခုနှစ်တွင် စစ်လျင်ထောင်မှူး ရှင်ထွေးညိုအမည်ရှိသော စာဆိုတော်ကဖွဲ့ဆိုခဲ့သည်။ ထိုစာဆိုတော်သည် အဝဘုရင်နရပတိမင်းကြီး ၈၀၄ ခုနှစ်မှ ၈၃၀ ပြည့်နှစ်ထိ လက်ထက်မှစ၍ ရွှေနန်းကြော့ရှင် နရပတိ ၈၆၃ ခုနှစ်မှ ၈၈၈ ခုနှစ်ထိ လက်ထက်တော်တိုင် စစ်သူရဲတစ်ထောင်ကို အုပ်ချုပ်ရသော ဗိုလ်မှူးကလေးဖြစ်သည်။ စစ်လျင်ဟူသောစကားမှာ စစ်တပ်မတော်ကြီး၏ရှေ့တော်မှ အဦးဆုံးထွက်ခွာသွားရသော ကင်းစမ်းတပ်မတော်ဖြစ်သည်။ ရှင်ထွေးညိုသည် ပြည်စုန်မင်းကြီးနှင့်အတူ ညီတော်မင်းကြီးစွာကို နှိမ်နင်းရာသို့လိုက်ပါသွားပြီးလျှင် အပြန်တွင် ဤမော်ကွန်းကို ရေးသားသည်။ ❖

ဖွဲ့ဆိုထားသည်။ ထို့ပြင်လည်း "ရွှေတောင်နန်းကို၊ ပြဋ္ဌာန်းစိုးလစ်၊ ယင်းသည့်နှစ်က၊ သက္ကရာဇ်အစွန်၊ လေးခုလွန်သော်"ဟုဖွဲ့ဆိုထား၍ ပြည်ကိုစုန်ဆင်းသည့်ခုနှစ်ကိုဖော်ပြထားပေရာ သီဟသူမင်း နန်းစံသည့်နှစ်မှာ ၈၃၀ ပြည့်နှစ်ဖြစ်ကာ လေးခုလွန်သော်ဟု ဖော်ပြထား၍ ၈၃၄ ခုနှစ်ဟု သိနိုင်ပေသည်။

**ပြည်စုန်သီဟသူ**

မြေးတော်သတိုးကျော်လုပ်ကြံ၍ ဘိုးတော်နရပတိမင်း နတ်ရွာစံရသဖြင့် သတိုးကျော်နှင့် ခမည်းတော် သီဟသူတို့အပေါ်မယ်တော် အတုလသိရိမဟာရာဇာဒေဝီနှင့်တကွ ညီတော် ပြည်မင်းနှင့် ဦးရီးတော် သာယာဝတီမင်းများက စိတ်တော်ခု၍ မချေမငံရိုင်းပြကြသည်ကိုသိသဖြင့် သီဟသူမင်းကြီးသည် ၈၃၄ ခုနှစ်တွင် ရေအားကြည်းအားအများ စီရင်တော်မူ၍ မိဖုရားနှင့်တကွ ပြည်သို့ချီတော်မူကာ သာယာချောင်သောစကားဖြင့် သိမ်းမြန်းပိုက်ထုပ်တော်မူသည်။ ဖိုးဦးတောင်၌ သစ္စာတော်ပေး၍ စားမြဲကျေးရွာစည်းစိမ်ကို မရှုတ်မချစားစေသည်။ ထိုသို့ ပြည်မြို့သို့စုန်၍ ဆွေတော်မျိုးတော်များကို သိမ်းမြန်းပိုက်ထုပ်ရသောကြောင့် ပြည်စုန်သီဟသူဟုတွင်သည်။ ထိုမင်းသည် ၈၄၂ ခုနှစ်တွင်အိမ်နိမ့် ၄၂ နှစ်၊ စည်းစိမ် ၁၂ နှစ်၊ သက်တော် ၅၄ နှစ်တွင် နတ်ရွာစံသည်။ သီဟသူဘုရင်၏ကောင်းမှုတော်တို့ကား သင်ပန်းအရပ်၌ ပဥ္စမာလိန္ဒရတနာမြစည်းခုံနှင့် ရွှေကျောင်းဆောင်၊ ရွှေသိမ်တော်၊ ပုဂံတွင် ဇေတဝန်ကျောင်းတော်၊ ရွှေစည်းခုံအောက် ရန်အောင်မြင်ရွှေကျောင်းတော်၊ ရတနာစေတီတွင်းဝယ်ရွှေကျောင်းတော်၊ ထူပါရုံတွင်းဝယ် ရွှေကျောင်းတော်၊ ဖွားတော်မူသောစစ်ကိုင်းမြို့တွင်းဝယ်ရွှေကျောင်းတော်၊ ချောင်းပေါက်အရပ်၌ ရတနမဥ္ဇူဘုရားနှင့် ရွှေကျောင်းတော်တို့ဖြစ်သည်။

**ပြည်သို့စုန်တော်မူရန် စီစဉ်ခန်း**

ဤမော်ကွန်းတွင် ပြည်သို့စုန်တော်မူရန် စီစဉ်ခန်းကို စာပိုဒ်ရေ ၁၁ မှ စာပိုဒ်ရေ ၁၇ ထိ ဖွဲ့စပ်ထားကြောင်း တွေ့ရှိရသည်။ ထိုစာပိုဒ်များတွင် သွားသင့်သည့်လ၊ နေ့ရက်၊ ရာသီနက္ခတ်၊ ဝန်းကျင်အခြေအနေ၊ စစ်ထွက်လျှင် တီးမှုတ်ရသည့်စည်၊ တံပိုး၊ ခရာ၊ ဒုံမင်းတို့အပြင် ဘုရင်စီးနင်းမည့် ပြည်ကြီးမွန်လှေမှအစလှေတော်၊ ဖောင်တော်များ၊ အလံကုက္ကား စသည့်အစီအရင်များကိုထည့်သွင်းစပ်ဆိုထားပေသည်။ ပုံစံအားဖြင့် စာပိုဒ်ရေ ၁၁ တွင် "မှတ်လော့နတ်ရှင်၊ သွားအံ့ရင်သော်၊ ကောင်းကင်အထိပ်၊ မွမ်းမွမ်းချိပ်မျှ၊ ထွန်းရိပ်ရောင်ဖြူ၊ မပူနေမင်း၊ မိုးလဝင်း၍၊ မြူနှင်းစဲပျောက်၊ မပြောက်တိမ်ခြေ၊ မြစ်မရေလည်း၊ အနေကျကျ၊ ကိုင်းပျရှိမ်းရှိမ်း၊ တောခပ်သိမ်းလည်း၊ ရွက်စိမ်းဟုံဟုံ၊ အထွက်စုံသော်၊ ရွှေငုံခဝဲ၊ ပွင့်ကျင် မြဲသား၊ နှင်းဖွဲဖျန်းနီး၊ သန်မြီးကြွမှူ၊ ဆောင်းသို့လူ၍၊ ရတုသာတုန်း၊ တန်ဆောင်မုန်းဟု၊ အဆုန်းဆုတ်ထွက်၊ ဆဲ့တရက်၌၊ သင့်ကြိုက်ယတြာ၊ မှန်စွာကိန်းခန်း၊ စန်းလက်ထွန်းသည်၊ ကြငှန်းသက်လတ်အခါတည်း"ဟုဖွဲ့ဆိုထား၍ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်တွင် တပ်တော်အနေဖြင့် ပြည်သို့စုန်ရမည့်နေ့ဟု သိရပေသည်။

**ပြည်သို့စုန်တော်မူခန်း**

ပြည်သို့စုန်တော်မူခန်းကို မော်ကွန်း၏ စာပိုဒ်ရေ ၁၈မှ စာပိုဒ်ရေ ၃၄ ထိဖြစ်ကြောင်းတွေ့ရပေသည်။ စာပိုဒ်ရေ ၁၈ တွင် "ရွာသစ်တွင်ပက်၊ တစ်ညဥ့်စက်၍" ဟူသဖြင့် စစ်ကိုင်းမှထွက်သည်နှင့် ရွာသစ်တွင် တစ်ညအိပ်သည်။ စာပိုဒ်ရေ ၁၉ အရ "မတ်ရာညွှတ်ရုံး၊ ကျောက်တလုံးဝယ်၊ (xxx)၊ မြောက်မှသာလွန်း၊ နပက်ကျွန်း၌"၊ စာပိုဒ်ရေ ၂၀ အရ "မိုးသောက်ရွှေတောင်၊ စဲသောင်လှည့်မှတ်၊ ညောင်ဦးပတ်၍၊ သာထွတ်ရပ်ပေါင်း၊ ဘေးစောလောင်းတို့၊ နန်းကြောင်းပွင့်စံ၊ မုနောခံသည်၊ ပုဂံရွှေပြည်ဆိုက်လှာတည်း"ဟူသဖြင့် မိုးသောက်ပြီးချိန်တွင် ညောင်ဦး၊ ပုဂံသို့ဆိုက်ရောက်ကြောင်း သိရသည်။ ပုဂံတွင် သုံးရက်နေခဲ့ပြီး ထွက်ခွာရာ စလေသို့ရောက်ကြောင်းအား စာပိုဒ်ရေ ၂၄ အရ "စလေစာရိပ်၊ စာကြိုဆိပ်တွင်၊ သိပ်သိပ်တလိုက်၊ လှေစဉ်ဆိုက်သည်"ဟုဆိုသဖြင့် စလင်းပြင်သာသို့ရောက်ကာ စလင်းစားဓမ္မရာဇာနှင့် သားကလည်း ပွဲခံလျှောက်ထားကြပြီး နှစ်ညတာနားနေရာမှ ဆက်လက်ထွက်ခွာခဲ့ရာ နောက်နေ့မွန်းတည့်ချိန်တွင် မင်းပူးဆိပ်ကမ်းသို့ရောက်ကြောင်းကို စာပိုဒ်ရေ ၂၇ "မင်းပူးဆိပ်၌၊ မွန်းရိပ်တည့်နီး၊ ဆိုက်ခံမီးသည်"အရ သိရသည်။

မင်းပူးမှ ပတ္တနဂိုရ်အရောက်တွင် သုံးရက်ကြာနားပြီးနောက် တောင်ခွင်ကျွန်းသို့ရောက်ရှိကာ တောင်ပိန္နဲနတ်တင်၍ ငါးရက်တာနားခဲ့ကြသည်။ ထိုမှ သရက်တွင်နှစ်ညတာနားခဲ့ရာ ထိုသို့ရောက်သည်နှင့် ညီတော်နှင့် ဦးရီးတော်တို့ လာရောက်ဖူးမျှော်သင့်ကြသည်ကို စာပိုဒ်ရေ ၃၂ အရ "အောင်နန်းမြင့်က၊ စွင့်စွင့်စောဓီး၊ ရောက်လှာပြီးသော်၊ ဦးရီးကျော်စွာ၊ မျိုးတကာနှင့်၊ သည်းချာညီရင်း၊ ဖူးကောင်းလျှင်းသည်၊ သနင်းရွှေစက်အထံတည်း"ဟူ၍သိရှိရလေသည်။ သို့သော် ထိုသူတို့သည် မလာရောက်သည့်အပြင် စစ်ပြင်နေကြကြောင်းအား စာပိုဒ်ရေ ၃၃ အရ "ရှေးတရံလည်း၊ မခံလက်ဝေ၊ သောင်းကျန်းလေရှင့်၊ ရှိသေသဖြင့်၊ မဖူးလင့်တည့်၊ မြို့နှင့်တရှိ၊ ကျောက်ဖျာဖိက၊ ပိအံ့သောဟူ၊ အယူပြတ်ပြတ်၊ နဝင်းသတ်၍၊ ပတ်ပတ်ရေရှင်၊ ကျုံးမြောင်းပြင်လျက်၊ ရဲချင်ရည်းရည်း၊ ပေါပည်းပြဆောင်၊ ကျည်းချောင်တံခါး၊ ရင်တားတုံး သန်၊ ခပ်သိမ်းဝန်ဖြင့်၊ အားအန်လည်းကြိုး၊ မာန်မကျိုးသည်၊ တန်ခိုးကောင်းတေလည်းခံတည်း"ဟူ၍ သိရပေသည်။

**ပြည်ကိုနှိမ်နင်း၍ အောင်တော်မူခန်း**

ဤသို့ပြည်ကို နှိမ်နင်းအောင်တော်မူခန်းကို စာပိုဒ်ရေ ၃၅ မှ စာပိုဒ်ရေ ၄၃ ထိ ပြည်စုန်မော်ကွန်းတွင် ရေးဖွဲ့ထားပေရာ စာပိုဒ်ရေ ၄၃ တွင် "လေလျှင်ထိလောင်း၊ ခက်ယောင်းသွင်သွင်၊ အင်ကြွင်းပင်သို့၊ လွင်တွင်တည်ပြီး၊ ပြည်မြို့ထီးကို၊ ရံဆီးငါတို့၊ ဤသို့ပိတ်ရန်း၊ ဆယ်ထပ်ဝန်းလျက်၊ ပိုက်တန်းပတ်ပတ်၊ ခတ်တံ့သည်ဟု၊ သံခြည်ပြထွေ၊ ရိပ်မဲ့လေ၍၊ ကြည်းရေဖြင့်အား၊ လေးပါးစစ်အင်၊ ကျင်းသည်မြင်သော်၊ ကြက်လျှင်ဖြုန်းဖြုန်း၊ ပျံထွက်ရုန်းသို့၊ ပြေးပုန်းရှောင်ရှား၊ သွားလားမသာ၊ ရေစာမထင်၊ မြင်းဆင်ကြံ့ထူး၊ အောက်မေ့ဦးလော့၊ စူးစူးမာန်တော်၊ ပါဘိသော်ကား၊ မတော်လေလောက်၊ မြင်းမိုရ်ညှော့ကိုပ၊ ရွှေမှောက်နေမျိုး၊ နတ်နိုင်ရိုးရှင့်၊ အငြိုးဖြစ်ကြောင်း၊ မကြံကောင်းဟု၊ သောင်းသောင်းဗိုလ်လူ၊ ကြွေးကြော်မူသည်၊ မီးတူလန့်စိုး ကြောက်ရွံ့တည်း "ဟူ၍ ပြည်မြို့ကို ကြည်းရေလေးပါ စစ်အင်ခင်းကျင်းသည်နှင့် ပြည်သားတို့ ဆုတ်ခွာသွားကြပေသည်။

**ဆွေတော်မျိုးတော်တို့ ညီညွှတ်ခန်း**

ဆွေတော်မျိုးတော်တို့ ညီညွှတ်ခန်းကို ပြည်စုန်မော်ကွန်းစာပိုဒ်ရေ ၄၄ မှ စာပိုဒ်ရေ ၆၀ အထိ ရေးဖွဲ့ထားရှိပေရာ စာပိုဒ် ရေ ၅၁ တွင် "ဦးရီးယောက်ဖ၊ နှမညီသား၊ ထွေတော် ကြားက၊ လက်ဖျားလက်ရင်း၊ မီးပြင်းသံတွေ၊ ကြေစိမ့် မြိုက်မြိုက်၊ ဖိုချင့်တိုက်လည်း၊ ကျိုက်ကျိုက်ဆူဝေ၊ သီဒါရေလျှင်၊ ကျလေတစက်၊ ချမ်းငြိမ်းမြက်သို့၊ ငြိမ်သက်အလွန်၊ ကြောင့်ကြဝန်မှ၊ ပြေတန်လျှင်းစွာ၊ ခွင့်လမ်းသာသော်၊ အရာသိခြင်း၊ ညီပြည်မင်းလည်း၊ သနင်းစောစစ်၊ ဓမ္မရာဇ်ကို၊ ရှိချစ်အတိ၊ ဆံရှိမျှလောက်၊ မစွန်းပြောက်ဟု၊ ရွှေမှောက်ဘုရား၊ နတ်ရှင့်အားလျှင်၊ သနားစိမ့်ကြောင်း၊ သစ္စာတောင်းသည်၊ ရွှံ့ညောင်းပြေချင်မရဲတည်း"ဟူ၍ဖြစ်ပေရာ ပြည်စုန်မင်းသီဟသူအနေဖြင့် "သနားစိမ့်ကြောင်း၊ သစ္စာတောင်းကာ" ယခင်စံစားသည့်အရာများကို ပြန်လည်အပ်နှံပေးသနားခဲ့ပေသည်။ ဤမော်ကွန်းတွင် အင်းဝမင်း၏ စိတ်နေသဘောထားနှင့် အမြော်အမြင် အဆင်အခြင်တို့ကို တွေ့ရှိရလေသည်။

**ပြည်တော်ပြန်ခန်း**

ဤပြည်တော်ပြန်ခန်းကို ပြည်စုန်မော်ကွန်း၏ စာပိုဒ်ရေ ၆၁မှ ၇၆အထိ ပြည့်စုံစွာ ရေးဖွဲ့မှတ်တမ်းပြုခဲ့သည်ကို တွေ့ရှိရပေသည်။ စာပိုဒ်ရေ ၆၄ တွင် "ရာသီပြောင်း၍၊ တပေါင်းလေရှင်၊ ထက်ဝန်းတက်သည်၊ မင်းလွင်ပျံလျက်၊ ဆဲ့ငါးရက်၌"ဟူ၍ ဖွဲ့ဆိုထားရာ ပြည်မှမင်းကွန်းသို့ ပြန်လည်ထွက်ခွာသည့်ရက်ကို တွေ့ရပေသည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**ငပုတော ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟိုင်းကြီးကျွန်းမြို့အတွင်း စားဖိုဆောင်သီးနှံ ၂၄၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ မုန်ညင်း၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ၊ ခဝဲ စသည့်သီးနှံများစိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

ထိုမှတစ်ဖန် ဆက်လက်ထွက်ခွာရာ မြို့တစ်ခုနှင့်မျက်နှာချင်းဆိုင်ကျွန်းတွင် နှစ်ညအိပ်ကာ နောက်တစ်ညမှာ သရက်မြို့အနီးကျွန်းတွင် အိပ်ကြပေသည်။ "ကျွန်လယ်သရက်၊ တထောက်စက်မှ၊ နံနက်မိုးဖုံး၊ ကွန်းတော်ပြုံးသည်"ဆိုသည့်အတိုင်း ကွန်းမြင့်တွင် ငါးရက်နှင့်ထို့နောက်ဆက်လက်ထွက်ခွာရာ တောင်ခွင်ကျွန်းသို့ ရောက်ရှိရပ်နားကြပေသည်။ ထိုမှ ဆက်လက်ထွက်ခွာရာ ပတ္တနဂိုရ်သို့ ရောက်ပြီးနောက် စလင်းပြင်သာသို့ ရောက်ခဲ့ပေသည်။ ထိုမှ လောကနန္ဒာမြစ်ဆိပ်သို့ ရောက်သော် ခရီးစဉ်မှာ ၁၀ ရက်ကြာခဲ့ပြီဖြစ်သည်။ ပုဂံတွင် အပါယ်ရတနာဘုရား၊ နဂါးရုံဘုရားတို့ဖူးပြီး ရွှေစည်းခုံဘုရားအနီး ဇရပ်တစ်ဆောင်လှူဒါန်း၍ နောက်ရက်တွင် ဆက်လက်ထွက်ခွာရာ ဆီးတောမင်းရွာမှတစ်ဆင့် မင်းကွန်းသို့ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။

**ခရီးသွားမှတ်တမ်း**

ဤမော်ကွန်းမှာ ခရီးသွားနေ့စဉ် မှတ်တမ်းကဲ့သို့လည်း ပြဋ္ဌန်းပေသည်။ မည်သည့်နေရာသို့ မည်မျှခရီးသွားရကြောင်း၊မည်သည့်နေရာတွင် မည်သည့်ကောင်းမှုတော်များကို ပြုခဲ့ကြောင်း စသည်ဖြင့် မှတ်တမ်းများကိုလည်း ဖွဲ့ဆိုသေးသည်။ စင်စစ်ကားပြည်စုန်မော်ကွန်းသည် ရန်သူဟုခေါ်ဆိုရန်ပင် ခက်ခဲသောမင်းဆွေမင်းမျိုးများ ပုန်ကန်မှုကို နှိမ်နင်းသောစစ်ပွဲဖြစ်၍စာဆိုအနေနှင့် အပြစ်သင့်နိုင်သောမော်ကွန်းကိုစွန့်စားကာ မှတ်တမ်းပြုထားသည်ဟု ဆိုနိုင်ပေသည်။ ရှင်ထွေးညိုသည် ပြည်စုန်မော်ကွန်းတစ်ခုတည်းဖြင့် ကျော်စောသူမဟုတ်ဘဲ ဆင်တော်မော်ကွန်းကိုလည်း ဦးစွာပထမ စတင်စပ်ဆိုသူဖြစ်သည်။ ထိုမော်ကွန်းကား ရွှေစာတိုင်မည်သောဆင်ကို ဖွဲ့ဆိုသည်ဖြစ်၍ ရွှေစာတိုင်ဆင်တော်မော်ကွန်းဟုတွင်သည်။ ရွှေစာတိုင်ဆင်တော်မော်ကွန်းကို ၈၇၂ ခုနှစ် အဝဘုရင်ရွှေနန်းကြော့ရှင်လက်ထက်တွင် စပ်ဆိုခဲ့သည်ဟုသိရသည်။ အစောဆုံးမော်ကွန်းနှစ်စောင်ကို ပြုစုရေးဖွဲ့နိုင်သူ ရှင်ထွေးညို၏ အမည်သည်လည်း အမြဲထင်ရှားကျော်စောကာ မှတ်တမ်းဝင်ကမ္ဘည်းတင်ခံနေရမည်မှာ အမှန်ပင်ဖြစ်နေပေတော့သည်။

**ကိုးကား**

- ရှင်ထွေးညို၏ ပြည်စုန်မော်ကွန်း
- ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
- လှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်
- ထန်လိုင်၏ ပင်းယအင်းဝခေတ်မြန်မာစာပေ

## ဘုန်းနှင့်ကံနှင့် မြန်မာပြည်

- တို့ပြည်မြန်မာ တည်နေရာကို
သဘာဝဘေး လူလုပ်ဘေးနှင့်
ဘေးမျိုးစုံဖျက် အကြမ်းဖက်တို့
နှိပ်စက်လေတုန်း တစ်ပြေ(ပြည်)လုံးဝယ်
ဆုံးရှုံးပေခဲ့ နစ်နာခဲ့လည်း
ဉာဏ်မဲ့မြန်မာ မဟုတ်ပါတည့်
အကြံမဲ့မြန်မာ မဟုတ်ပါတည့်
လဲရာကထ ထူထောင်ကြလျက်
နှမမောင်ရင်း ညီအစ်ကိုချင်းတို့
ဖြိုခွင်းရန်စ ချေမှုန်းကြလျက်
တစ်ကတစ်ဖန် ရှေ့ဆက်ပြန်သည်
အကြံနှင့်ဉာဏ်နှင့် မြန်မာပြည်။
ရင့်ကျက်အတွေ့အကြုံ စုံလှသည်။

- ငါတို့ပြည်ကား သူတစ်ပါးကို
ထောက်ထားလေးမြတ် ကြင်နာတတ်မို့
ဖြစ်ရပ်စုံလင် မြေငလျင်နှင့်
တို့တွင်ဘေးဘယာ ကြုံသောခါလည်း
လာကြကူကြ ဝိုင်းဝန်းကြ၍
ဖေးမစာနာ ပို့မေတ္တာနှင့်
သည်မှာဆေးဝါး သည်ကားစားဖွယ်
သည်မယ် ထည်ဝတ် စေပို့လွှတ်လျက်
လွတ်လပ်ဆင်နွှဲ ရွေးကောက်ပွဲလည်း
ထဲဝင်စေ့စပ် လေ့လာအပ်လျက်
မှတ်ချက်ပေးဟန် မျှတပြန်သော်
နိုင်ငံပုံရိပ် ဂုဏ်ရည်ဖိတ်သည်
မိတ်နှင့်ဆွေနှင့် မြန်မာပြည်။
လမ်းမှန်ကမ်းမှန် လျှောက်လှမ်းသည်။

- ငါတို့တိုင်းပြည် သမိုင်းရှည်၏
ကြုံသည်တစ်ခု မှားယွင်းမှုကြောင့်
ပြည်သူ့ရင်လှိုင်း ခေတ်သမိုင်းကို
မရိုင်းစေရာ ဆုံးဖြတ်ပါ၍
ပါတီစုံဒီမိုကရေစီ အခြေတည်အောင်
ပြန်လည်တည်ဆောက် ခရီးရောက်ခဲ့
ပြီးမြောက်ဆင်နွှဲ ထိုအောင်ပွဲမှ
မလွဲသွေဖီ(ဖည်) ဆက်၍ချီအံ့
ရွှေပြည်တော်မဝေး အနီးလေးမို့
တေးချိုသီကုံး ဖွဲ့ဆိုအုံး(ဦး)မည်
ဘုန်းနှင့်ကံနှင့် မြန်မာပြည်။
အကြံနှင့်ဉာဏ်နှင့် မြန်မာပြည်။
မိတ်နှင့်ဆွေနှင့် မြန်မာပြည်။
တောက်ပတော့မည် အနာဂတ်သည်။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်း လီဟေးချန် ဗီယက်နမ်သို့ရောက်ရှိနေစဉ် နှလုံးရောဂါဖြင့်ကွယ်လွန်

**ဆိုးလ် ဇန်နဝါရီ ၂၆**

တောင်ကိုရီးယား ဝန်ကြီးချုပ်ဟောင်း လီဟေးချန်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိနေချိန်တွင် ရုတ်တရက် နှလုံးဖောက်မှုကြောင့် ကွယ်လွန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်ဟောင်း လီဟေးချန်သည် ဇန်နဝါရီ ၂၅ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၃ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း လက်ရှိ တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်ဟောင်း လီဟေးချန်သည် တောင်ကိုရီးယားလွှတ်တော်ရှိ လွှတ်တော်အမတ်တာဝန်ကို သက်တမ်း ခုနစ်ကြိမ်ထိ ရယူခဲ့သူဖြစ်သည်။

ထို့နောက် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ တောင်ကိုရီးယား ဝန်ကြီးချုပ်တာဝန်ကိုရယူခဲ့ပြီး အစိုးရအဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ဦးဆောင်ခဲ့သည်။

ထို့ပြင် လီဟေးချန်သည် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေရန်လည်း ကြိုးပမ်းအားထုတ်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဖိလစ်ပိုင်တောင်ပိုင်း၌ ကူးတို့ရေယာဉ်နစ်မြုပ် လူ ၁၈ ဦး သေဆုံး၍ ၂၈ ဦး ပျောက်ဆုံးနေ




**မနီလာ ဇန်နဝါရီ ၂၆**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ယနေ့ နံနက်ပိုင်းက ခရီးသည်တင် ကူးတို့သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ရာ လူ ၁၈ ဦး သေဆုံး၍ ၂၈ ဦး ပျောက်ဆုံးနေကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နစ်မြုပ်ခဲ့သည့် ကူးတို့ရေယာဉ်မှာ အမ်ဗွီထရိုင်ရှာကာစတင်- ၃ ဖြစ်ပြီး ခရီးသည်ဦးရေ ၃၅၀ ကျော် လိုက်ပါလာကြောင်း ဖိလစ်ပိုင် တာဝန်ရှိသူများက ပြောကြားထားသည်။

ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က လူ ၃၁၆ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ၁၈ ဦး သေဆုံး၍ ၂၈ ဦး ပျောက်ဆုံးလျက်ရှိသည်။

လက်ရှိတွင် ရေယာဉ်နစ်မြုပ်မှုအတွင်း ပျောက်ဆုံးနေသူများကို ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်က ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။


ကိုယ်ထည်အလျား ၄၄ မီတာရှိပြီး အထပ်သုံးထပ်ပါဝင်သည့် အမ်ဗွီထရိုင်ရှာကာစတင်- ၃ ရေယာဉ်သည် မင်ဒါနာအိုပြည်နယ် ဇမ်ဘိုအန်ဂါဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး လေးနာရီအကြာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

နစ်မြုပ်မှုဖြစ်ပွားချိန်တွင် အမ်ဗွီထရိုင်ရှာကာစတင်း- ၃ သင်္ဘောမှာ ဝန်ပိုတင်ဆောင်ထားခြင်းမရှိကြောင်း ဖိလစ်ပိုင် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင် ထုတ်ဖော်ပြောကြား



**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာ အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်ကြကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ အမျိုးသားနေ့ အခမ်းအနားအတွက် အိန္ဒိယသမ္မတ ဒရူပါဒီမာမူးထံပေးပို့ခဲ့သည့် ဂုဏ်ပြုသဝဏ်လွှာ၌ တရုတ်သမ္မတရှီကျင့်ဖျင်က အဆိုပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်လာခဲ့ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်၏ ဂုဏ်ပြုသဝဏ်လွှာ၌ ဖော်ပြထားသည်။

တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုသည် ကမ္ဘာ့ကြီးငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုတို့ကို ထိန်းသိမ်းရေးအတွက် အထူးအရေးကြီးကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က သုံးသပ်ထားသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်များအကြား ဖြစ်ပွားခဲ့သည့်ရန်ပွဲကြောင့် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ခဲ့ရသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးမှာ၂၀၂၅ ခုနှစ်အတွင်း ပြန်လည်နွေးထွေးလာခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့အကြား ဆွေးနွေးပွဲများလည်း ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## နောက်ဆုံးဓားစာခံကို ရှာဖွေကယ်ဆယ်ရေးအတွက် ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးတစ်ခု အစ္စရေးစတင်

**ဂျေရုဆလင် ဇန်နဝါရီ ၂၆**

ဂါဇာကမ်းမြောင် ဒေသ၌ နောက်ဆုံးကျန်ရှိသည့် ဓားစာခံ၏ ရုပ်အလောင်းကို ပြန်လည်ရယူရေးအတွက် အစ္စရေးတပ်မတော်က ဂါဇာဒေသ၌ စစ်ဆင်ရေးတစ်ခု စတင်နေကြောင်း အစ္စရေးအစိုးရက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ နောက်ဆုံးကျန်ရှိသည့် ဓားစာခံဖြစ်သော ရန်းဗီလီအမည်ရှိ အမျိုးသား၏ ရုပ်အလောင်းကို ပြန်လည်ရယူရေးမှာ ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ဒုတိယအဆင့်ကို အကောင်အထည်ဖော်ရေးအတွက် အဓိက အတားအဆီးတစ်ရပ်အဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

သို့ဖြစ်ရာ ဂါဇာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဒုတိယအဆင့်ကိုစတင်နိုင်ရန် ရန်းဗီလီ၏ ရုပ်အလောင်းကို ပြန်လည်ရယူရေးအတွက် စစ်ဆင်ရေးစတင်နေကြောင်း အစ္စရေးအစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရန်းဗီလီ၏ ရုပ်အလောင်းကို ပြန်လည်ရယူပြီးပါက ဂါဇာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဒုတိယအဆင့်အရ ဂါဇာကမ်းမြောင်ဒေသ၏ ရာဖာနယ်စပ်ဂိတ်ကို ပြန်ဖွင့်ပေးမည် ဖြစ်ကြောင်း အစ္စရေးအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သော ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အုပ်စုအနေဖြင့် လက်ကျန်ဓားစာခံအားလုံးကို အသက်ရှင်သူဖြစ်စေ၊ သေဆုံးသူဖြစ်စေ အစ္စရေးနိုင်ငံဘက်သို့ ပြန်လည်လွှဲအပ်ပေးရမည်ဖြစ်သည်။

နောက်ဆုံးဓားစာခံ ရန်းဗီလီ၏ ရုပ်အလောင်းကို ဂါဇာစီးတီးမြို့ ရှီဂျိုင်ယာတက်ဖာ နယ်မြေ၌ မြှုပ်နှံထားဖွယ်ရှိကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## မက္ကဆီကိုနိုင်ငံ ဘောလုံးကွင်းတစ်ကွင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၁၁ ဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရ

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၆**

မက္ကဆီကိုနိုင်ငံ ဆာလာမင်ကာမြို့ ဘောလုံးကွင်းတစ်ကွင်း၌ သေနတ်သမားတစ်စု၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဘောလုံးပွဲတစ်ပွဲ ကျင်းပပြီးချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆာလာမင်ကာ မြို့တော်ဝန်က ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိတွင် တိုက်ခိုက်မှုကျူးလွန်သူ သေနတ်သမားများ၏ ရည်ရွယ်ချက်ကို မက္ကဆီကိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ထို့ပြင် အခင်းဖြစ်ပွားရာနေရာသို့ မက္ကဆီကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ထားပြီး တိုက်ခိုက်မှုကျူးလွန်သူများကို ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းလျက်ရှိသည်။

ဘောလုံးကွင်း သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသူများထဲတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးတို့ပါဝင်ကြောင်း သိရသည်။

ဆာလာမင်ကာမြို့သည်မက္ကဆီကိုနိုင်ငံ၏ အန္တရာယ်အကြီးဆုံး ပြည်နယ်ဖြစ်သည့် ဂွာနာဂျူအာတိုပြည်နယ်၌ တည်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီ၏ နျူထရွန်ဒုံးပျံသစ်လောင်စာကန် စမ်းသပ်မှုတစ်ခုလုပ်ဆောင်စဉ် ပွင့်ထွက်ခဲ့



ဝါရှင်တန် ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီ၏ နျူထရွန်ဒုံးပျံသစ် လောင်စာကန်သည် စမ်းသပ်မှုတစ်ခုလုပ်ဆောင်စဉ် ပွင့်ထွက်ခဲ့ရကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

နျူထရွန်ဒုံးပျံ၏ လောင်စာကန်သည် ဖိအားစမ်းသပ်မှုပြုလုပ်စဉ်အတွင်း ပွင့်ထွက်ခဲ့ခြင်းဖြစ်သည်ဟု Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နျူထရွန်ဒုံးပျံ လောင်စာကန် ဖိအားခံနိုင်ရန် စမ်းသပ်မှုကို ဗာဂျီးနီးယားဝေါလော့စ် အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နျူထရွန်ဒုံးပျံလွှတ်တင်နိုင်မည့်နေ့ရက်ကို သတ်မှတ်နိုင်ရေးအတွက် ဖိအားစမ်းသပ်မှုမှ ပေါ်ထွက်လာသည့် အချက်အလက်များကို လေ့လာဆန်းစစ်နေကြောင်း Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Rocket Lab ကုမ္ပဏီသည် နျူထရွန်ဒုံးပျံကို ယခုနှစ် ပထမသုံးလပတ်အတွင်း လွှတ်တင်ရန် မူလက ရည်ရွယ်ထားကြောင်း သိရသည်။

နျူထရွန်ဒုံးပျံသည် Rocket Lab ကုမ္ပဏီက လက်ရှိအသုံးပြုနေသည့် အီလက်ထရွန်ဒုံးပျံများထက် စွမ်းဆောင်ရည်ပိုမြင့်မားပြီး အလေးချိန် ၁၃၀၀၀ ကီလိုဂရမ်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အေအက်စ်တီစပေ့စ် မိုဘိုင်းကုမ္ပဏီ၏ ဘလူးဘာ့ဒ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုတစ်စင်းကို New Glenn ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်

ဝါရှင်တန် ဇန်နဝါရီ ၂၆

အေအက်စ်တီစပေ့စ် မိုဘိုင်းကုမ္ပဏီ၏ ဘလူးဘာ့ဒ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုတစ်စင်းကို New Glenn ဒုံးပျံဖြင့်လွှတ်တင်ရန် စီစဉ်ထားသည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ဘလူးဘာ့ဒ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကို လာမည့် ဖေဖော်ဝါရီလကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

ဘလူးဘာ့ဒ်မစ်ရှင်ကို လွှတ်တင်ရာတွင် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့သည့် New Glenn ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးပျံကို ပြန်လည်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE အာကာသယာဉ်များကို New Glenn ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

ဘလူးဘာ့ဒ် အင်တာနက်ဂြိုဟ်တုမစ်ရှင်သည် New Glenn ဒုံးပျံ၏ တတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့သည်။

Ref : Sputnik News

Trs : KKO

## ဟူနန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက မြေအောက်ဥမင်တူးစက်ကြီးများအတွက် ကွန်ပျူတာဉာဏ်ရည်တုစနစ်တစ်မျိုး တည်ဆောက်ထား

ပေကျင်း ဇန်နဝါရီ ၂၆

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် မြေအောက်ဥမင်တူးစက်ကြီးများအတွက် ကွန်ပျူတာဉာဏ်ရည်တုစနစ်တစ်မျိုး တည်ဆောက်ထားကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကွန်ပျူတာဉာဏ်ရည်တုစနစ်သည် အလိုအလျောက်စနစ်သုံး ဥမင်တည်ဆောက်ရေးလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဘေးအန္တရာယ်များကို ကာကွယ်ရေးအတွက်အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

မြေအောက် ဥမင်တူးစက်များသည် ကျောက်သားများ၊ မြေလွှာများနှင့် အနီးကပ်ထိတွေ့နေရမှုကြောင့် ပတ်ဝန်းကျင်ဘူမိအခြေအနေများကို ခံစားနိုင်စွမ်း မြင့်မားရန် လိုအပ်ကြောင်း သိရသည်။

ရှုပ်ထွေးသည့် မြေအောက်ဘူမိအခြေအနေများတွင် ဥမင်တူးစက်ကြီးများကို ခက်ခက်ခဲခဲ ထိန်းကျောင်းကြရပြီး မြေပြိုခြင်း၊ တစ်ခါတစ်ရံ စက်ကိုထိန်းချုပ်နိုင်စွမ်းမရှိတော့ခြင်း စသည့်ပြဿနာများ ပေါ်ထွက်လာတတ်သည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များ၏ ကွန်ပျူတာဉာဏ်ရည်တုစနစ်သည် ဥမင်တူးစက်ကြီးများ၏ ပတ်ဝန်းကျင် ဘူမိအခြေအနေများကို နားလည်နိုင်စွမ်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များရ အထက်ပါ ကွန်ပျူတာ ဉာဏ်ရည်တုစနစ် တပ်ဆင်ထားပါက ဥမင်တူးစက်ကြီးများ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များမှာ ၉၀ ရာခိုင်နှုန်း ပို၍တိကျလာကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နေ့စဉ်ဓာတ်စာများ၌ ဝက်သားထည့်သွင်းခြင်းဖြင့် အသက်ရှည်စေရေးအတွက် အကျိုးပြုနိုင်

နယူးယောက် ဇန်နဝါရီ ၂၆

နေ့စဉ်စားသုံးသည့် ဓာတ်စာများ၌ ဝက်သားကို ထည့်သွင်းစားသုံးပါက အသက်ရှည်ရေးအတွက် အကျိုးပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြုပြင်ထားမှု အနည်းပါးဆုံး ဝက်သားကို နေ့စဉ်ဓာတ်စာများ၌ ထည့်သွင်းစားသုံးမှုသည် ပဲအမျိုးမျိုးစားသုံးသကဲ့သို့ပင် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်အရွယ် ကျန်းမာရေးကောင်းမွန်သူ ၃၆ ဦးတို့ကို နှစ်သုတ်ခွဲ၍ပထမသုတ်ကို ပရိုတင်းအရင်းအမြစ်အဖြစ် ဝက်သားချက် ကျွေးမွေးခဲ့ပြီး ကျန်တစ်သုတ်ကို ပဲအမျိုးမျိုးကျွေးမွေး၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပြုပြင်ထားမှု အနည်းဆုံး ဝက်သားကို စားသုံးခြင်းသည် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်နှင့် ရုပ်ပိုင်းဆိုင်ရာ အိုမင်းမှုတို့အပေါ် အပြုသဘော ဆောင်သည့် အကျိုးသက်ရောက်မှု ရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်အရ ပြုပြင်ထားမှု အနည်းဆုံးဝက်သားကို အသီးအရွက် ဓာတ်စာများနှင့် တွဲဖက်စားသုံးမှုမှာ ကျန်းမာရေးအတွက် အကျိုးရှိနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဒူးခေါင်းအဆစ်အမျက်ရောင်ရမ်းမှုရောဂါအတွက် ကုထုံးသစ်တစ်မျိုး သုတေသနပညာရှင်များဖန်တီးထား

နယူးယောက် ဇန်နဝါရီ ၂၆

အိုမင်းမှုနှင့်ဆက်စပ်နေသည့် ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ပိတ်ပင်နိုင်သည့် နည်းလမ်းတစ်ရပ်ကို သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိထားရာ အဆစ်အမျက် ရောင်ရမ်းမှုရောဂါအတွက် ကုထုံးသစ်တစ်မျိုး ဖန်တီးထားကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် အသက်အရွယ်နှင့်ဆက်စပ်နေသည့် ဒူးခေါင်းအရိုးနုများ ပျက်စီးဆုံးရှုံးမှုကို ကုသပေးနိုင်သည့် ဆေးဝါးသစ်တစ်မျိုး ဖန်တီးထားကြောင်း သိရသည်။

အဆိုပါဆေးသည် 15-PGDH အမည်ရှိ အသက်အရွယ်နှင့် ဆက်စပ်နေသည့် ပရိုတင်းတစ်မျိုးကိုပိတ်ပင်ခြင်းဖြင့် အရိုးနုများပြန်လည်ပေါ်ထွက်လာစေရန် စေ့ဆော်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် 15-PGDH Inhibitor ခေါ် အဆိုပါဆေးသည် ဒဏ်ရာအနာတရရရှိခဲ့ပြီးနောက် ဒူးခေါင်းအဆစ်အမျက်ရောင်ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် 15-PGDH Inhibitor ဆေးသစ်ကို ပထမအဆင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူး

**လာကွန်တာ ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာကွန်တာမြို့တွင် ကျင်းပခဲ့သည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း The Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မက္ကာသီ၊ ပွတ်နမ်၊ ဂျာရတ်တို့နှင့်အတူ ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဂျက်ဆင်ဒေးတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး စွမ်းဆောင်ရည်ကောင်းများပြသခဲ့သည့် စကော့တီရှက်ဖလာက ဒုတိယနေရာတွင် ရပ်တည်ခဲ့ကြသည့် ပြိုင်ပွဲဝင်များကို လေးချက်ထိ ဖြတ်တောက်ခဲ့ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

စကော့တီရှက်ဖလာက "ဒီဆုဖလားဟာ ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိပါတယ်။ ကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ရက်သတ္တပတ်ပါပဲ။ ကျွန်တော့်အနေနဲ့ ရာသီသစ်ကို အောင်မြင်မှုနဲ့ စတင်နိုင်ခဲ့ခြင်းဟာ ရာသီတစ်လျှောက်လုံး အလားအလာကောင်းမဲ့ လက္ခဏာဖြစ်ပါတယ်။ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ရက်သတ္တပတ်လုံးမှာ ခက်ခဲပေမဲ့ အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်။ ပြိုင်ပွဲကာလ တစ်လျှောက်လုံးလဲ စိတ်ရှည်သည်းခံပြီးတော့ ရလဒ်ကောင်းရဖို့ အာရုံစိုက်ခဲ့ရပါတယ်။ ပင်ပန်းခဲ့သမျှ အောင်မြင်မှုရခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : The Express

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ❑ ပဲလေ့စ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ပြင်သစ်လီဂူးဝမ်းကလပ် ရင်းနက်အသင်းမှ တိုက်စစ်မှူးမိုင်တီကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ❑ ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗီနီစီးယက်စ်က ယခုနှစ် ဇွန်လထိ အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ခြင်းမရှိပါက အသင်းသစ်သို့ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သိရသည်။
- ❑ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ချူအာမန်နီကိုခေါ်ယူရန် လီဗာပူးအသင်းနှင့် စပါးအသင်းတို့က အပြိုင်ကြိုးပမ်းလာဖွယ်ရှိကြောင်း သိရသည်။
- ❑ ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာကို ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းက စတာလင်ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ ML

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

# မြန်မာနိုင်ငံက ရွှေ အခု ၂၀၊ ငွေ ၁၉ ခု၊ ကြေး အခု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခု ဆွတ်ခူး

**ဗန်ကောက် ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ည ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံ နခွန်ရစ်ချာဆီးမား (ခိုရတ်)မြို့ရှိ Majesty the King's 80th Birthday Anniversary Commemorative Stadium ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံက ရွှေ အခု ၂၀၊ ငွေ ၁၉ ခု၊ ကြေး အခု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခု ဆွတ်ခူးခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားတွင် ထိုင်းနိုင်ငံမှ အနုပညာရှင်များက ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေကြပြီး ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များက မိမိတို့၏ နိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၏ အနှစ်ချုပ် Video Clip ကို ပြသခြင်း၊ Governor of Sports Authority of Thailand က အဖွင့်အမှာစကားပြောကြားခြင်း၊ Asean ParaSports Federation (APSF) ဥက္ကဋ္ဌ Board of Governor အတွင်းရေးမှူးနှင့် ၁၃ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ၁၄ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသို့ ပြိုင်ပွဲအထိမ်းအမှတ်အလံ လွှဲပြောင်းပေးအပ်ခြင်း၊ Asean Para Sports Federation (APSF) အလံနှင့် Para Games အလံများကို အလံချခြင်း၊ ၂၀၂၇ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံ၏ နိုင်ငံတော်အလံကို လွှင့်တင်ခြင်း အခမ်းအနားနှင့် အိမ်ရှင်မလေးရှားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်ခြင်း၊ ပိတ်ပွဲအထိမ်းအမှတ် ဖျော်ဖြေတင်ဆက်ခြင်းတို့ ဆောင်ရွက်ကြပြီး ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားအဖွဲ့သည် အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ်အခု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခု ဆွတ်ခူးခဲ့ကာ နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်ခဲ့ကြောင်း သိရသည်။ STA

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၁၇)တွင် သစ္စာအားမာန်အသင်းအနိုင်ရပြီး YREO အသင်းနှင့် မြဝတီအသင်း၊ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းက အနိုင်ရပြီး YREO အသင်းနှင့် မြဝတီအသင်း၊ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် YREO အသင်းနှင့် မြဝတီအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက လှော်ကျင့်ရေးကွင်း- ၁တွင် Young Lionesses အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်၊ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို သုံးမိနစ်၊ ၆၂ မိနစ်တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၄၁ မိနစ်တွင် ချစ်စုဝေ၊ ပွဲချိန် ၄၅ မိနစ်တွင် ဝင်းဝင်းတို့က သွင်းယူခဲ့ကြသည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# ပီအက်စ်ဗွီအသင်းတိုက်စစ်မှူး ရီကာဒိုပီပီကို ဖူလ်ဟမ်အသင်း က စတာလင်ပေါင် ၂၈ သန်းဖြင့် ကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၂၆**

ဖူလ်ဟမ်အသင်းသည် နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်း တိုက်စစ်မှူး ရီကာဒိုပီပီကို စတာလင်ပေါင် ၂၈ သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဗွီအသင်းနှင့် အမေရိကန်လက်ရွေးစင် တိုက်စစ်မှူး ရီကာဒိုပီပီသည် ယခုနှစ် ဘောလုံးရာသီတွင် ဒတ်ချ်လိဂ်ပွဲစဉ် ၁၅ ပွဲပါဝင်ကစားထားပြီး သွင်းဂိုး ရှစ်ဂိုး သွင်းယူထားသကဲ့သို့ ချန်ပီယံလိဂ်ပွဲစဉ်ငါးပွဲတွင်လည်း သွင်းဂိုး သုံးဂိုး သွင်းယူထားသည်။



ထို့ကြောင့် ပီအက်စ်ဗွီအသင်းက လက်ရှိဘောလုံးရာသီတွင် ခြေစွမ်းပြနေသည့် ၎င်း၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၃၀ ဖြင့် သတ်မှတ်ထားသော်လည်း ဖူလ်ဟမ်အသင်းက စတာလင်ပေါင်၂၈ သန်းဖြင့် ကမ်းလှမ်းခဲ့သောကြောင့် အသင်းနှစ်သင်းကြား ကစားသမား အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။

ထို့ပြင် ဖူလ်ဟမ်အသင်းအနေဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက အဓိကတိုက်စစ်မှူး မူနက်ဇ်မှာ တံကောက်ကြော ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အပြင် တိုက်စစ်မှူး ဂျင်မီနက်မှာလည်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ရီကာဒိုပီပီကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

## တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် လောင်ကျွမ်းနေသောတောမီး ဆူရက်ခ်ဆန်ဘုရားကျောင်းကို ကူးစက်လောင်ကျွမ်းမှုဖြစ်ပွား



**ဆိုးလ် ဇန်နဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် ဆူရက်ခ်ဆန်ဘုရားကျောင်းကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဆိုးလ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံများ အရေးပေါ် အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သစ်တောမြေ စတုရန်းမီတာ ၁၇၇၈၀ ထိ ပျက်စီးသွားခဲ့ကြောင်း၊ ဘုရားကျောင်းကို ကူးစက်လောင်ကျွမ်းနေသည့်တောမီးကို ဦးစားပေးငြှိမ်းသတ်နေကြောင်း ဆိုးလ်မြို့ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဆူရက်ခ်ဆန်ဘုရားကျောင်းမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီးဟာ ဘုရားကျောင်းဆောင်ကိုလဲ ကူးစက်လောင်ကျွမ်းခဲ့တယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဘုရားကျောင်းဆောင်ကို ကူးစက်လောင်ကျွမ်းနေတဲ့ တောမီးကိုဦးစားပေးငြှိမ်းသတ်နေပါတယ်။ တောမီးကို အမြန်ဆုံးငြှိမ်းသတ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် ၈၄၈ ယောက်ထိ အသုံးပြုထားပြီးတော့ လေကြောင်း အကူအညီအဖြစ်လဲ ရဟတ်ယာဉ်ရှစ်စင်းထိ အသုံးပြုထားပါတယ်"ဟု ဆိုးလ်မြို့မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဝေလနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်အဝါရောင်အဆင့် သတ်မှတ်ထား

**ကာဒစ် ဇန်နဝါရီ ၂၆**

ဝေလနိုင်ငံတွင် ဇန်နဝါရီ ၂၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန်မြင့်မားမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေ၍ Met Office က ရေဘေးအန္တရာယ် အဝါရောင်အဆင့်သတ်မှတ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကို အဝါရောင်အဆင့် သတ်မှတ်ထားပြီး မိုးသည်းထန်စွာ ရွာသွန်းနေသည့် အပြင် လေပြင်းတိုက်ခတ်မှုလည်း ဖြစ်ပေါ်နေသောကြောင့် မိုးရေချိန်မှာ ၅၀ မီလီမီတာမှ ၈၀ မီလီမီတာထိ မြင့်တက်သွားနိုင်သည့်အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ရနိုင်သည့်ဧရိယာမှာ ဒက်မိုးဒေသနှင့် အိပ်ဖ်မိုးဒေသတို့ဖြစ်ကြောင်း သိရသည်။

"ဝေလနိုင်ငံရဲ့ နေရာတော်တော်များများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုစွတ်မှုနှုန်းမြင့်မားနေပါတယ်။ မိုးရေချိန်မြင့်မားနေသလို လေတိုက်နှုန်းတွေလဲ မြင့်မားနေတဲ့အတွက်ကြောင့် အန္တရာယ်ရှိနိုင်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ မိုးရေချိန်ဆက်လက် မြင့်မားလာနိုင်တဲ့အတွက်ကြောင့် ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ပါတယ်။ ဒက်မိုးဒေသနဲ့ အိတ်ဖ်မိုးဒေသတို့မှာ ရေဘေးအန္တရာယ် အဆိုးရွားဆုံး ဖြစ်ပေါ်လာနိုင်ပါတယ်။ အင်္ဂလန်နိုင်ငံ တောင်ဘက်ပိုင်းဒေသတွေမှာလဲ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူ မာကိုပီတက်နာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မြေပြိုမှုကြောင့် သေဆုံးသူ ၂၅ ဦးထိ မြင့်တက်လာ

**ဂျကာတာ ဇန်နဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ဖြစ်ပွားခဲ့သောမြေပြိုမှုကြောင့် သေဆုံးသူဦးရေသည် ယနေ့တွင် ၂၅ ဦးထိ မြင့်တက်လာကြောင်း နိုင်ငံ၏ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

အဆိုပါမြေပြိုမှုသည် ဇန်နဝါရီ ၂၄ ရက် အစောပိုင်းက ဘန်ဒေါင်းဘာရတ်ဒေသရှိ လူနေအိမ်ရာဧရိယာတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၅ ရက်ထိ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် အများဆုံး ထိခိုက်ခဲ့သည့်ရွာမှာ ပါဆာလန်ဂူရွာဖြစ်ပြီး လူနေအိမ်ခြေ ၃၀ ကျော် မြေပြိုမှုကြောင့် နစ်မြုပ်သွားခဲ့ရကြောင်း၊ မြေပြိုမှုကြောင့် သေဆုံးသူ ၂၅ ဦးရှိပြီဖြစ်ပြီး ဦးရေ ၇၀ ခန့် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသော်လည်း ရာသီဥတုဆိုးရွားမှုနှင့် မြေပြိုမှုများ ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် ရှာဖွေရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရကြောင်း၊ မြေပြိုပြီး သုံးရက်ကြာသည်ထိ ပျောက်ဆုံးနေသူများကို ရှာမတွေ့ရသေးသဖြင့် သေဆုံးသူအရေအတွက်တိုးလာမည်ကို ပြည်နယ်အာဏာပိုင်များက စိုးရိမ်



လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်အပါအဝင် ဒေသအများအပြားတွင် နောက်ထပ်တစ်ပတ်ခန့်ထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးထားပြီး ရုတ်တရက် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများထပ်မံဖြစ်ပွားနိုင်ခြေရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးများ လောင်ကျွမ်းနေပြီး ပြည်သူများ၏နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ ဇန်နဝါရီ ၂၆**

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးများ လောင်ကျွမ်းနေပြီး မြို့ရွာနေပြည်သူများ၏ နေအိမ်များသို့ ကူးစက် လောင်ကျွမ်းလာနိုင်သဖြင့် အာဏာပိုင်များက ယနေ့တွင် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ပြင်းထန်ကာ လူနေအိမ်များဆီကို ကူးစက်လာနိုင်သဖြင့် ဒေသခံများသည် နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ စတင်ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း၊ အာဏာပိုင်များကလည်း တောမီး ကူးစက်လာနိုင်သည့် ဒေသများကို အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

တောမီးသည် ဇန်နဝါရီ ၁၀ ရက်မှ စတင်လောင်ကျွမ်းခဲ့ပြီး ထိန်းချုပ်နိုင်ပြီဟု ယူဆခဲ့သော်လည်း ပြည်နယ်တစ်ဝန်း အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကျော်လွန်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၅ ရက်တွင် ပြန်လည် လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးသည် Gelli-brand မြို့အစပ်ထိ ရောက်ရှိလာနေပြီဖြစ်ပြီး လူနေအိမ်များဆီသို့ ကူးစက်လာနိုင်ကြောင်း ဗစ်တိုးရီးယားပြည်နယ် မီးသတ်အရာရှိချုပ် ခရစ်စ်ဟတ်ဒ်မန်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးများသည် မဲလ်ဘုန်းမြို့ထိ ပျံ့နှံ့လာခဲ့သဖြင့် လေထုအရည်အသွေး သတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း၊ ဗစ်တိုးရီးယားပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့က မဲလ်ဘုန်းမြို့၏ လေထုအရည်အသွေးကို အလွန်ဆိုးရွားသည့်အဆင့် သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါတောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် နှလုံးနှင့် အဆုတ်ရောဂါရှိသူများ၏ ကျန်းမာရေးကို ပိုမိုဆိုးရွားစေနိုင်ပြီး မျက်စိယားယံခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## အမေရိကန်နိုင်ငံတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် Air India လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထား

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် နီဝက်ခ်မြို့တို့တွင် ဖန်ဟုအမည်ပေးထားသည့် နှင်းမုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် အမေရိကန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြေးဆွဲနေသော Air India လေကြောင်းလိုင်းမှ လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားကြောင်း Air India လေကြောင်းလိုင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသဖြင့် လေကြောင်းခရီးစဉ်များပြေးဆွဲရန် အန္တရာယ်ရှိသောကြောင့် ယာယီဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း၊ လေကြောင်းခရီးစဉ်များတွင် လိုက်ပါမည့် ခရီးသည်များ၏ လက်မှတ်များကိုလည်း ပြန်လည်ပြေးဆွဲချိန်ထိ အကျုံးဝင်သကဲ့သို့ လိုအပ်ချက်များကိုလည်း အစစအရာရာ ပြန်လည်စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း Air India လေကြောင်းလိုင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အမေရိကန်နိုင်ငံမှာ ဖန်နှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေပါတယ်။ နှင်းမုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်တွေ ပြေးဆွဲဖို့အတွက် တော်တော်လေးကို အန္တရာယ်များတယ်။ ဒါကြောင့် နယူးယောက်မြို့နဲ့ နီဝက်ခ်မြို့ကို ပြေးဆွဲမဲ့ လေကြောင်းခရီးစဉ်တွေကို ယာယီဆိုင်းငံ့ထားပါတယ်။ လက်မှတ်ဝယ်ယူပြီးသား ခရီးသည်တွေအတွက်လဲ လေကြောင်းလိုင်းအနေနဲ့ အပြည့်အဝတာဝန်ယူ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု Air India လေကြောင်းလိုင်း အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းနှင့် တိုးတက်အောင်မြင်ခြင်း

ပညာရေးသည် လူတစ်ဦး၏ ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အမှန်တော့ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပုံမှန်ပညာရေးကို စဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူနေမှုဘဝကို မကြောင့်မကြမတောင့်မတဖြင့်ဖြတ်သန်းရလေ့ရှိကြသည်။ ပညာရဲရင့်ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့်အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည်လှည့်ဖြားခံရမှုအလားအလာနည်းပါးနိုင်သည်။

**စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လို**

ထို့ပြင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော လူငယ်များသည် မိမိအကျိုးအပြင် အများအကျိုးကိုလည်း သယ်ပိုးလိုသောဆန္ဒရှိနေကြသည်။ ပညာဆိုသည်မှာ လေ့လာသင်ယူအားထုတ်နိုင်မှုအပေါ်မူတည်၍ တတ်သိနားလည်မှု၊ ရပ်တည်နိုင်မှုတို့မှာလည်းကွဲပြားသွားကြသည်။ ငယ်စဉ်ကတည်းက အတတ်ပညာတစ်ခုခုကို တစိုက်မတ်မတ်လေ့လာသင်ယူခဲ့သူများသည် အသက်အရွယ်ရလာသည့်အချိန်တွင် စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ပေ။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် တန်ဖိုးရှိသောလူငယ်ဘဝကို ကျောင်းစာအပါအဝင် အတတ်ပညာတစ်ခုခု စဉ်ဆက်မပြတ်လေ့လာသင်ယူရင်း ဖြတ်သန်းသွားသင့်ပေသည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဉာဏ်ရည်တုနည်းပညာ (AI) အံ့မခန်း တိုးတက်လာလျက်ရှိသဖြင့် လူသားတို့သည် ကိုယ်တိုင်ဝီရိယစိုက်ထုတ်လေ့လာသင်ယူလိုစိတ် အားနည်းလာကြသည်။ ခေတ်မီနည်းပညာသည် ဘာသာစကားတစ်ခုမှ တစ်ခုသို့ ဘာသာပြန်ခြင်းကိုပင်လျှင် အနီးစပ်ဆုံးလုပ်ဆောင်ပေးလျက်ရှိသဖြင့် လူသားတို့သည် လေ့လာသင်ယူလိုစိတ် အားနည်းလာလျက်ရှိသည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူလေ့ကျင့်မှုမရှိသူသည် ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အလှမ်းကွာဝေးနေမည်ဖြစ်သည်။

ကျွမ်းကျင်ပိုင်နိုင်မှုသည် တစ်စုံတစ်ရာကိုအမှားအယွင်းနည်းနည်းဖြင့် အချိန်မီပြီးမြောက်အောင် စွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ မည်သည့်နယ်ပယ်တွင်မဆို အကြိမ်ကြိမ်လေ့ကျင့်ဆောင်ရွက်နေမှသာလျှင် ကျွမ်းကျင်ပိုင်နိုင်မှုကို ရရှိမည်ဖြစ်သည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူမှု၊ အသိပညာဗဟုသုတတို့ကို အခြေခံပြီးမှသာ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိကျရာအခန်းကဏ္ဍကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်၊ အခြေခံဗဟုသုတရှိနေရန် အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။

အောင်မြင်မှုရရှိလိုသူများသည် အကြိမ်ကြိမ်လေ့ကျင့်ကြရသည်။ လူတစ်ဦးသည် မိမိကျင်လည်ဖြတ်သန်းသည့်နယ်ပယ်တွင် အခက်အခဲမရှိဖြတ်သန်းနိုင်ရန်အတွက် အသိပညာဗဟုသုတရှာဖွေပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူလေ့ကျင့်နေရန်လိုအပ်သည်။ ထိုသို့မဟုတ်ပါက အမှားပေါင်းတစ်ထောင်ဖြစ်နေမည်ဖြစ်သည်။

သာဓကအနေဖြင့် ဝန်ထမ်းတစ်ဦးသည် မိမိရာထူးအဆင့်နှင့်လျော်ညီသည့် တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ဗဟုသုတပညာရှာဖွေပြီး လေ့လာသင်ယူလေ့ကျင့်နေရန် လိုအပ်ပေသည်။ အထူးသဖြင့် လူငယ်များသည် အသက်အရွယ်ရလာသည့်အချိန်၌ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ကျွမ်းကျင်မှုရှိနေရန် အတွက် လေ့လာသင်ယူမှုကို အခြေခံနေရန် လိုအပ်ပေသည်။

လူငယ်တစ်ဦးသည် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေပါက တိုးတက်မှုရရှိနေမည်မှာအမှန်ပင်ဖြစ်သည်။ ဓားတစ်လက်ကဲ့သို့ပင် မသွေးဘဲထားပါက သံချေးတက်မည်ဖြစ်ပြီး နေ့စဉ်သွေးပေးနေပါက ထက်မြက်လာမည်ဖြစ်

**❖ လူတစ်ဦးသည် သင်ယူခွင့်များရရှိသည်နှင့်အမျှ အတွေ့အကြုံများ ရရှိလာမည်ဖြစ်သည်။ သင်ယူမှုမှရရှိသော အသိပညာများသည် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အသုံးဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် အသိပညာကြွယ်ဝစေရန် လေ့လာသင်ယူခြင်းဖြင့် မိမိ၏ အနာဂတ်လှပလာမည်ဖြစ်သည်။ လူတစ်ဦးသည် လေ့လာသင်ယူမှုကို အဆုံးသတ်ခြင်းမရှိဘဲ သင်ယူနိုင်လေလေ ပိုမိုသိရှိလာလေလေပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အမြဲသင်ယူနေခြင်းဖြင့် ဘဝတိုးတက်ရေးလှေကားထစ်များကို တက်လှမ်းနေရန်လိုအပ်သည်။ ❖**

သည်။ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်မှုဖြစ်စဉ်များသည် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့သည် ထိုပြောင်းလဲတိုးတက်မှုများကို အမီလိုက်နိုင်ရန်အတွက် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်ရှာဖွေနေရန် လိုအပ်ပေသည်။

**အခွင့်အလမ်းများရှိ**

လက်ရှိအချိန်တွင် လူငယ်များသည် AI အပါအဝင် ဆန်းသစ်သောနည်းပညာများကို အသုံးချခွင့်ရရှိနေကြပြီဖြစ်သည်။ စမတ်ဖုန်းများ၊ တက်ဘလက်များ၊ ကွန်ပျူတာများဖြင့် ကမ္ဘာကြီးကို ကွန်ရက်ချိတ်ဆက်နိုင်ပြီဖြစ်သည်။ YouTube တွင် မိမိသိလိုသော အချက်အလက်များကို ရှာဖွေကြည့်ရှုလေ့လာနိုင်ပြီဖြစ်သည်။ ဘာသာစကားသင်ယူနိုင်သည်။ စာတမ်းများပြုစုနိုင်သည်။ မိမိ၏ကြိုးစားအားထုတ်လေ့လာသင်ယူမှု အပေါ်မူတည်၍ နည်းပညာကို လိုအပ်သလို အသုံးချနိုင်ပြီဖြစ်သည်။ များစွာအားတက်ဖွယ်ရာပင်ဖြစ်သည်။

စာရေးသူငယ်စဉ်က ယခုခေတ်လို စမတ်ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာများမသုံးနိုင်သေးပေ။ ကျောက်သင်ပုန်းနှင့် ကျောက်တံတို့ကို အသုံးပြု၍သာစာသင်ခဲ့ရသဖြင့် ဦးနှောက်ထဲတွင် သင်ယူထားသောစာများ စွဲထင်ကျန်နေအောင် မှတ်သားထားရသည်။ ထိုစဉ်က ကွန်ပျူတာထဲ၌လည်း သိုလှောင်ထားနိုင်စွမ်းမရှိပေ။

ထို့ကြောင့် ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များအနေဖြင့် အခွင့်အလမ်းကောင်းများကို အကျိုးရှိစွာအသုံးချသွားစေလိုသည်။ အမှန်တော့ လူငယ်များသည် ပညာထူးချွန်ပြီး ထက်မြက်သည့်ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်နေရန်လည်းလိုအပ်သည်။ ထို့ပြင် လူငယ်များအနေဖြင့် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူသွားရန် လိုအပ်သည်။ ထို့ပြင် လူငယ်များအနေဖြင့် အမှန်တရားကို ချစ်မြတ်နိုးခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကို တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်းဆိုသည့် ဂုဏ်သတ္တိများကိုလည်း ပိုင်ဆိုင်ထားရှိရန် လိုအပ်သည်။

မျိုးဆက်သစ် လူငယ်များအနေဖြင့်လည်း တိုးတက်အောင်မြင်သော ဘဝပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ်ကြိုးပမ်းသွားရန်လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ်လေ့လာသင်ယူ နေရန်လိုအပ်ပေသည်။ ပြိုင်ဆိုင်မှုပြင်းထန်သော ခေတ်ကြီးတွင် လေ့လာသင်ယူမှုရပ်တန့်လိုက်သောသူများသည် အဘက်ဘက်မှနောက်ကျကျန်ရစ်ခဲ့ရမည်ဖြစ်သည်။

လူငယ်များသည် နည်းပညာကို အကျိုးရှိစွာအသုံးမချဘဲ စမတ်ဖုန်းများဖြင့် ဂိမ်းဆော့ခြင်း၊ လူမှုကွန်ရက်အသုံးပြုခြင်း၊ ညစ်ညမ်းဗီဒီယိုများကြည့်ရှုခြင်း၊ အပေါင်းသင်းများဖြင့် အချိန်ဖြုန်းခြင်းတို့လုပ်ဆောင်နေမည်ဆိုလျှင် အောင်မြင်မှုအသီးအပွင့်များကို ဆွတ်ခူးနိုင်မည်မဟုတ်ဘဲ အရှုံးဖြင့်သာရင်ဆိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ငယ်ရွယ်နုပျိုသောဘဝကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဆိုလျှင် အသက်အရွယ်ကြီးလာသည့်အချိန်တွင် ဘဝနေဝင်ချိန်ကို အေးချမ်းစွာဖြတ်သန်းနိုင်မည်ဖြစ်သည်။

**စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းနှင့် တိုးတက်အောင်မြင်နေခြင်း**

ဆိုရလျှင် ပညာရေးသည် လူသားတို့၏ဘဝကို ပြောင်းလဲပေးနိုင်သည်။ စစ်မှန်သောပညာရေးသည် အမှားအမှန်၊ အကောင်းအဆိုးကို သေချာစွာခွဲခြားပေးနိုင်သည်။ လူငယ်တို့၏ တွေးခေါ်ဆင်ခြင်နိုင်စွမ်းကိုမြှင့်တင်ပေးသည်။ ဝေဖန်ပိုင်းခြားစဉ်းစားတတ်အောင်သင်ကြားပေးနိုင်သည်။ ပညာရေးဖြင့် မှန်ကန်ထိရောက်သော နည်းစနစ်များကို ဖော်ဆောင်ပေးနိုင်သည်။ ထိုမှတစ်ဆင့် ကောင်းမွန်သော ပြောင်းလဲမှုများကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ပညာရည်မြင့်မားသော လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတည်ဆောက်ရေးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်သည်။ အသိဉာဏ်ပညာကြီးမားသော နိုင်ငံသားများစွာရှိသည့်နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်ကို တိုးတက်စေပြီး နိုင်ငံကို ပိုမိုချမ်းသာကြွယ်ဝစေသည်။ ထို့ကြောင့် ယနေ့လူငယ်များအနေဖြင့် အသိပညာနှင့်အတတ်ပညာများ ပြည့်ဝနေရန် သင်ယူမှုများပြုလုပ်ခြင်း၊ သုတရသစာအုပ်များဖတ်မှတ်လေ့လာခြင်း၊ အင်တာနက်ပေါ်မှလည်း လေ့လာခြင်းနှင့် အထောက်အကူပြု သင်တန်းများတက်ခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန်လိုအပ်သည်။

လူတစ်ဦးသည် သင်ယူခွင့်များရရှိသည်နှင့်အမျှ အတွေ့အကြုံများ ရရှိလာမည်ဖြစ်သည်။ သင်ယူမှုမှရရှိသော အသိပညာများသည် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အသုံးဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် အသိပညာကြွယ်ဝစေရန်လေ့လာသင်ယူခြင်းဖြင့် မိမိ၏ အနာဂတ်လှပလာမည်ဖြစ်သည်။ လူတစ်ဦးသည် လေ့လာသင်ယူမှုကို အဆုံးသတ်ခြင်းမရှိဘဲ သင်ယူနိုင်လေလေ ပိုမိုသိရှိလာလေလေပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အမြဲသင်ယူနေခြင်းဖြင့် ဘဝတိုးတက်ရေးလှေကားထစ်များကို တက်လှမ်းနေရန် လိုအပ်သည်။ အနာဂတ်အတွက် အချိန်တိုင်းလေ့လာသင်ယူနေရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်သည်။ လူငယ်များသည် ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများလည်းရှိသည်။ ထို့ပြင်လူငယ်များသည် မိမိလိုလားတောင့်တသည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်များ၊ မျှော်လင့်ချက်များနှင့်တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားရှိသည်။

အမှန်တော့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့်တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူ လူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံနေအောင် စဉ်ဆက်မပြတ်လေ့လာသင်ယူကြိုးပမ်းနေရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် အခြေခံအသိပညာဗဟုသုတလေ့လာသင်ယူမှု၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အောင်မြင်မှုတို့သည် ဆက်စပ်လျက်ရှိသည်။ လူငယ်များအနေဖြင့် တန်ဖိုးရှိသောစာပေများကို ဖတ်ရှုကာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ်လေ့လာသင်ယူမည်ဆိုလျှင် အနာဂတ်တွင် တိုးတက်အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Bebee TV Application က အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇန်နဝါရီ ၂၆**

Bebee TV Application က အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂၉ ရက်မှ စတင်ကာ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ အိပ်မက်တွေ ပျောက်တဲ့ည ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထွန်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ အိပ်မက်တွေ ပျောက်တဲ့ည ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဝေလက ရေးသားထားကာ ချစ်ဆုခင်က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ရဲနိုင်နှင့် တွဲဖက်ဒါရိုက်တာ နန်းအိအိဝင်းတို့က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော်ကတော့ အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲမှာ ငယ်စဉ်က ဖခင်မေတ္တာတော်မှတ်ခဲ့ရတဲ့ ကောင်လေးတစ်ယောက်ရဲ့ နေရာက ပါဝင်သရုပ်ဆောင်ထားပါတယ်။ မိသားစုဇာတ်လေးကိုမှ ရင်နာစရာကောင်းတဲ့ ဇာတ်လမ်းလေးပါ။ လူတွေဟာ မထင်မှတ်ထားတဲ့အရာတစ်ခုကြောင့် ကိုယ့်ရဲ့ ဘဝအိပ်မက်တွေက ပျောက်ဆုံးကြတာလဲရှိကြပါတယ်။ ဒါကြောင့် ဒီကားလေးက ပရိသတ်တွေ ကြည့်နေကျဖြစ်တဲ့ ဇာတ်လမ်းပုံစံလေးမို့ BebeeTV Application မှာ ထုတ်လွှင့်ရင် အားပေးကြအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ထွန်းထွန်းက ပြောပြသည်။

အိပ်မက်တွေပျောက်တဲ့ည ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ မင်းဟိဏ်း၊ ထူးခြား၊ အယ်လာရွှေစင်၊ ဆုထက်ကုဋေနှင့် အခြားအနုပညာရှင်များ စွာပါဝင်ထားကာ ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ Bebee TV Application က ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ထွန်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Paranormal Activity ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် မေ ၂၁ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇန်နဝါရီ ၂၆**

Paranormal Activity ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် မေ ၂၁ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အိုင်ယန်တူအာဆန်က ရိုက်ကူးပေးထားပြီး ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းဝမ်က ထုတ်လုပ်သူအဖြစ် တာဝန်ယူထားသည်။

လက်ရှိအချိန်တွင် Paranormal Activity ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Paramount ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ၂၀၀၇ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Paranormal Activity ဇာတ်ကားများအနက် အဋ္ဌမမြောက်ဇာတ်ကားဖြစ်သည်။

အဋ္ဌမမြောက် Paranormal ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကိုလည်း Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

TAURUS V Film Production မှ ရိုက်ကူးထုတ်လုပ်သည့် ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကောင်းဇံထံမှ သိရသည်။

ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမကြီး အလင်္ကာကျော်စွာ မစန္ဒာ၏ ထင်ရှားအောင်မြင်ခဲ့သည့် ဝတ္ထုကို လွင်မင်းအံ့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကောင်းဇံက TAURUS V Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ကနေ လေး၊ ငါးမိုင်ဝေးတဲ့ရွာလေး ရွာလုံးကျွတ်နီးပါး နာဂစ်မုန်တိုင်းမှာ ပါသွားခဲ့ပြီး အသက်ရှင်သန်ခဲ့သူတချို့ကလဲ ရှင်သန်ဖို့ များစွာရုန်းကန်ခဲ့ရပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ဘဝတွေပြောင်းလဲသွားခဲ့ရပြီး အတိတ်ဆိုးတစ်ခုအဖြစ်ကျန်ရှိနေခဲ့တာကို ဒီဇာတ်ကားနဲ့ ပုံဖော်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဘဝဆိုတာ တိုက်ပွဲလို့ပြောကြတယ်။ အမှန်က တိုက်ပွဲမဟုတ်ဘဲ ပွဲတင်သံဆိုတာကို ဒီဇာတ်ကားကနေသိခွင့်ရမှာပါ"ဟု ဒါရိုက်တာ ကောင်းဇံက ပြောပြသည်။




ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ မင်းဦး၊ တေဇလင်းရောင်၊ မေမီကိုကို၊ မျိုးသန္တာထွန်း၊ ကလေးသရုပ်ဆောင်များအဖြစ် ဖွေပြည့်၊ သားချော၊ သွန်းရတီဦး၊ ရွှေဝတ်မှုန်စံနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ ဇာတ်ကားသစ်တွင် မင်းသမီး မက်ဒလင်ကလိန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၂၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ ဟာသရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မက်ဒလင်ကလိန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဟာသရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး မက်ဒလင်ကလိန်းသည် မင်းသား ဂလန်းပိုဝဲ၊ မင်းသမီး ခရစ္စတင်းမီလီယိုတီတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ တရားဝင် ဇာတ်ကားနာမည်ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ဟာသရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျပ်အက်ပါတိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျပ်အက်ပါတိုးနှင့် မင်းသား ဂလန်းပိုဝဲတို့က ပူးတွဲရေးသားထားပြီး ၎င်းဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို လမ်းမတော်မြို့နယ်ရှိ The Idol Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ The Idol Bar ၌ ဇန်နဝါရီ ၃၀ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းထံမှ သိရသည်။

အဆိုပါ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ ဖျော်ဖြေတင်ဆက်မှုများကို Daily Gita Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ပြီး The Idol Bar မှ ပင်တိုင်တေးသံရှင်များကလည်း ပါဝင်ပံ့ပိုး သီဆိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီ ၃၀ ရက် ညမှာ The Idol Bar မှာ Daily Gita Band တေးဂီတအဖွဲ့ရဲ့ မြူးကြွတဲ့ဖျော်ဖြေတင်ဆက်မှုတွေနဲ့အတူ အားပါးတရသီဆိုပေးဖို့ အသင့်ပါပဲ။ သီချင်းအသစ်တွေလဲ သီဆိုပေးမှာမို့ ပရိသတ်အားလုံးကိုအရောက်လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို လမ်းမတော်မြို့နယ်ရှိ The Idol Bar ၌ ဇန်နဝါရီ ၃၀ ရက် ည ၇ နာရီတွင် စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing receives Ambassador of Thailand to Myanmar


Senior General Min Aung Hlaing receives Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump.

**Nay Pyi Taw January 26**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing received Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump, who had completed his tour of duties in Myanmar, at the parlour of Office of the National Defence and Security Council here this afternoon.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo and Deputy Minister for Foreign Affairs U Ko Ko Kyaw. The Thai ambassador was accompanied by officials of Thai Embassy in Myanmar.

At the call, cordial discussions were centred on MyanmarThai diplomatic relations and friendship, participation of Thailand in monitoring the multiparty democracy general election in Myanmar together with international observers and the eyewitness account of the voters casting ballots on own accord without anyone's exhortation, holding of a free, fair and clean election, the need to cooperation between the governments and militaries of the two countries to restore bilateral trade and commodity flow through ensuring peace and stability at the border, Myanmar government's ardent efforts in conducting counternarcotics and antionline scam and gambling operations as a national task, and the ongoing bilateral cooperation in conducting environmental conserving activities at the common border.

After the call, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and the ambassador of Thailand exchanged gifts and posed for group documentary photos. 100

# Vice Chairman of State Security and Peace Commission Vice-Senior General Soe Win receives Ambassador of Thailand to the Republic of the Union of Myanmar H.E. Mr. Mongkol Visitstump

**Nay Pyi Taw January 26**

Vice Chairman of the State Security and Peace Commission Vice- Senior General Soe Win this afternoon received H.E. Mr. Mongkol Visitstump, Ambassador of Thailand to the Republic of the Union of Myanmar, who is about to depart upon completion of his tour of duty. The meeting was held at the Diplomatic Guest Hall of the Office of the National Defence and Security Council.

During the meeting, they cordially and openly discussed matters related to friendly relations and cooperation between the governments and armed forces of Myanmar and Thailand; joint national-level efforts to combat online fraud and gambling, narcotic drugs, and illegal trade occurring along the border areas of the two countries; cooperation between the two governments and armed forces to restore bilateral trade and the flow of goods, including the swift reopening of border trade routes; stability and peace in border regions; and the successful holding of the multiparty democratic general elections. The meeting concluded with a group photograph.

Also present at the meeting together with the Vice-Senior General were Deputy Minister for Foreign Affairs U Ko Ko Kyaw and Director General U Thet Win. Accompanying the Thai Ambassador were the Deputy Chargé d'Affaires and responsible officials from the Thai Embassy. 100


Vice-Senior General Soe Win receives Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# An honorary speech delivered by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing at the opening ceremony of the 54th Myanmar Health Research Congress

**Everybody, Mingalaba!**

I extend my warm greetings to all distinguished guests attending today's 54 Myanmar Health Research Congress on physical and mental well-being.

Myanmar's Health Research Congress have been held since 1965 with the objectives of advancing health-related knowledge through research and improving the standard of health care, as well as providing a forum for relevant health professionals to learn about and discuss the practical application of research findings. To date, the conference has been successfully convened for the 54th time.


In today's era of science and technology, everything is constantly advancing and changing at a rapid pace. Therefore, it has become essential to continuously study and keep up to date so that medical sciences, modern diagnostic and treatment tools, new drugs and therapies, and applications supported by Artificial Intelligence (AI) technology can continue to develop effectively.

At Myanmar's Health Research Congress, not only domestic researchers but also international researchers participate, presenting research papers and research posters. In addition, symposiums and subject-specific scientific talks are widely held, providing opportunities to present and discuss updated knowledge and research findings in the health field. It is encouraging and a matter of pride to see that Myanmar's health research activities are being conducted at a level comparable to international standards.

The theme of the 54th Myanmar Health Research Congress has been set as "Better Health Through Medical Research", reflecting its main objective of improving public health through the conduct of medical research.

Medical research activities utilize evidence-based research findings to make disease detection methods, prevention, and treatment programs more effective and efficient. In addition, they help improve public health services and enable the formulation and implementation of health policies that are appropriate and up-to-date for the country. Therefore, the results of medical research contribute to raising the overall health standards of the nation and can also help extend the life expectancy of the country's population.

At present, it is necessary to control non-communicable diseases such as diabetes, hypertension, and heart disease, which are widespread and likely to increase. To this end, the World Health Organization, the Department of Public Health, the Department of Medical Services, the Department of Human Resources for Health and the Department of Medical Research under the Ministry of Health jointly conducted the "Study on the Risk of Non-Communicable Diseases in Myanmar (2024)". According to the research findings, in addition to preventive measures to reduce the rising incidence of non-communicable diseases, it is also necessary to support the public in adopting healthy habits, including balanced nutrition. In the 2025-2026 financial year, the government has approved K1.5 billion in funding to enable not only the Department of Medical Research but also other relevant departments and medical-related universities to carry out research activities.



Senior General Min Aung Hlaing delivers an honorary speech at the opening ceremony of the 54th Myanmar Health Research Congress.

In addition, with the leadership of the Ministry of Health, and in collaboration with the Department of Medical Research, the Department of Public Health, and the Department of Medical Services, a nationwide study was conducted on health-related knowledge among secondary school students in Myanmar. Since secondary school students represent the future generation of the nation, it is recommended that school health services be further improved based on the findings of this research.

What I would like to emphasize next is the need to conduct research that can help in the prevention and control of locally occurring and infectious diseases, as well as seasonal illnesses, and that can enable early detection of cancer and support successful treatment. It is necessary to carry out these studies in collaboration with international partners, applying modern laboratory technologies and research methodologies. I would like to encourage these efforts to be conducted even more effectively and on a broader scale than they are currently.

In particular, to ensure that our people have good basic health and can live long, healthy lives, it is necessary to expand research on nutrition, food safety, and practical health studies related to healthy living practices. The findings from this research should also be widely shared with the public through health education and preventive programmes.

It is also necessary to expand research on medical treatments, hospital administration, and management. In conducting health-related research, collaboration should take place with medical and pharmacy universities under the Ministry of Health, hospitals, disease control programmes, primary healthcare workers, and community-based organizations.

It is also necessary to promote our country's traditional medicine and traditional medicinal products internationally, to advance the development of traditional medicine, and to better protect the health of the people through traditional medical practices. Regarding traditional medicine, practical research should be conducted in collaboration with the Department of Traditional Medicine to obtain accurate and reliable data and findings.

Many young people and scholars in our country have a research-minded spirit, and it is necessary for them to carry out research activities systematically and ethically. To achieve this, training courses on research techniques and research ethics should be continuously offered. I would like to emphasize the importance of cultivating an understanding among healthcare workers that conducting research is essential for providing better healthcare and of fostering a thriving research culture in the country.

In 2025, researchers and scholars under the Ministry of Health were able to attend international training courses and workshops, participate in international conferences by presenting papers and giving lectures, and serve as speakers at various events. In addition, our country was able to host medical conferences as the host nation.

In terms of international collaboration, the Department of Medical Research has been recognized as a WHO Collaborating Centre for Research & Training on Malaria (WHO-CC) since 25 September 2003, and this recognition will continue until 2028, for cooperation in malaria research, disease diagnosis and treatment. The department has been actively involved, as a WHO-CC, in research, training, education, and the collection and integration of information related to malaria and antibiotic drug resistance. This is a source of great pride and satisfaction for the development of the national health sector.

We understand that in building our nation, it is essential for young people to have knowledge and skills, and for all ethnic communities to be healthy and resilient. Therefore, one of our objectives is "To emphasize enhancing the national education and health sectors for sustainable development of the State". In promoting the health sector, research activities and research conferences like this one play a very important role, and we believe they will lead to successful progress and achievements.

In conclusion, the research findings presented at this 54th Myanmar Health Research Congress will greatly support the Ministry of Health's objectives of ensuring a long and healthy life for everyone and reducing the risk of disease for all. We also believe that by applying the discoveries from the Department of Medical Research, the health of the public can be further improved. I would like to encourage researchers to continue making every effort to conduct high-quality research that can propel the development of a health sector capable of standing alongside international standards, thereby contributing to the nation's overall progress.

Thank you all.

# 2025 multiparty democracy general election successfully held with the leadership of the State Government and participation of the people amidst the destructive acts of terrorist insurgents



Damage to the family housing quarters at the Township Police Station in Launglon Town, Taninthayi Region, seen after a drop bomb fired by a terrorist insurgent group landed and exploded.



Explosions caused by a drop bomb and locally made mortar shells fired by a terrorist insurgent group near the Mingan gas pipeline in Taungtha Town, Mandalay Region, seen at the scene.

**Nay Pyi Taw January 26**

Elections are the most important part of democracy, and the voters will have to choose and shape the future path of the nation by using their voting right, which is included in the rights of citizens. In this regard, the 2025 multiparty democracy general election was held with the leadership of the State Government and participation of the people phase wise to successfully exercise a genuine and disciplined multiparty democratic system, aspired by the entire people. The election was successfully held amidst the destructive acts of terrorist insurgents.

The first phase of the multiparty democracy general election was held at 102 townships on 28 December 2025, the phase 2, in 100 townships on 11 January 2026, and the phase 3, in 61 townships on 25 January 2026. From 6am till the polling stations were closed, voters were seen actively casting votes according to their free will at the respective polling stations as good citizens in a disciplined manner, without facing any pressure.

At a time when the State Government and the people were paving the road to democracy, insurgent terrorists with sinister motives were making attempts to disturb national peace, stability and progress, destroy the people's socioeconomic life and cause failure to the election, with negative views on the harmonious endeavours of the government and people, and spread terror among the people who were peacefully going to the polls through direct or indirect actions and sending intimidation letters, firing with heavy weapons and rockets from afar, blowing up sound bombs, attacking with drop bombs and fixed wing drones, stopping and threatening ferries to polling stations, and distributing false information via destructive exile media.

In addition, terrorist insurgent groups in committing harmful and destructive acts against election processes during the election period, distributed or posted false propaganda leaflets, made agitated movements, wrote incitement letters and hanged posters, agitating and shouting and using abusive language to discourage voting, switching on soundboxes/speakers to stay away from voting, breaking up, cutting down and torching election awareness signboards and posters for 23 times, firing at polling station security forces for four times, attacking with drop bombs for six times, blowing up homemade sound bombs for two times, blowing up homemade mines for six times, firing with rockets for three times, intimidating civil servant polling station staffs and members of parties that took part in the election, with arms, for three times, abduction of people for six times, totalling 54 times in 41 townships.

Furthermore, on December 28, 2025, the date when Part (1) of the Multi-Party Democracy General Election was held, terrorist-saboteur insurgent groups carried out disruptive acts in 11 out of 102 townships from the evening of December 27 to the evening of December 28. These acts included: a manual sound mine explosion at Polling Station No. (82) located at Basic Education High School No. (11) in Shwenyaungpin Ward, Myitkyina Town, Kachin State; attacks with 107mm handmade mortar shells into Shwetaung Ward and Mingalar Ward in Loikaw Town, Kayah State; detonation of locally-made mines near the Kanbawza Bank in Ward No. (3) and near the Myanmar-Thailand Friendship Bridge No. (2) in Ward No. (5) in Myawady Town, Kayin State; firing by Fixed Wing at the Taninthayi Region Government Office; the obstruction of 170 oil palm plantation workers from Yuzana Oil Palm Company, Maramyon Nursery Farm, in Aungchanthar Village Tract, Hkamaukgyi Town, who were on their way to cast votes; a drop bomb attack near Polling Station No. (2) in Ward No. (3), Shwebo Town, Sagaing Region; an attack with six handmade shot-triggered rockets on the Ethnic Youth Capacity Development Degree College in Sagaing Town; a drop bomb attack near Polling Station No. (3) at Basic Education High School No. (2) in Sawbwa (1) Ward, Tamu Town; disruptive firing with small arms and heavy weapons from the north and south of Katha Town; attacks with 107mm shot-triggered rockets into Nandawgyun Village, Malaya Township, and into Aungmyethazan Township, Mandalay Region; drop bomb attacks near the Township/Departmental Office, near the Court, and near the road between the Central Prison in Myingyan Town; and disruptive attacks with small arms near Polling Station No. (64), Zone (9), at a Basic Education Primary School (Pipe) in Nyaung-U Township. These acts of terrorist sabotage resulted in injuries to about five members of the public.

Similarly, during Part (2) of the Multi-Party Democracy General Election held on January 11, 2026, terrorist-saboteur insurgent groups carried out terrorist acts in 10 out of 100 townships. These included: drop bomb attacks using Drones into Hpruso Town, Kayah State; the arson and destruction of the house of the village tract administrator in Taungthonelone Village, Kangyi Village Tract, Kyunsu Township, Taninthayi Region; attacks with Fixed Wing, shot-triggered rockets, *See Page 15*



An explosion of locally made mines carried out by a terrorist insurgent group near KBZ Bank in Ward No. (3), Myawady Town, Kayin State, seen at the scene.

*From Page 14*

drop bombs, and small arms into Gangaw Town, Seikphyu Town, Salin Town, and Kanma Town in Magway Region; attacks with handmade shot-triggered rockets and drop bombs into Chaung-U Town, Budalin Town, and Myinmu Town in Sagaing Region; and drop bomb attacks into Htantabin Town, Bago Region. As a result of these terrorist acts, two loyal public servants were killed, and two other public servants and one innocent civilian sustained injuries.

Likewise, during Part (3) of the Multi-Party Democracy General Election held on January 25, 2026, terrorist-saboteur insurgent groups carried out terrorist acts in 11 out of 61 townships. These included: attacks with 60mm mortars and shot-triggered rockets on residential houses in Hpakant Town, Kachin State, and on the Nantya Village Middle Bridge; drop bomb attacks using Drones on the Town Police Station in Launglon Town, Taninthayi Region; attacks with drop bombs, handmade mortars, and small arms into Kani Town and Salingyi Town in Sagaing Region; drop bomb attacks on the Minkang gas pipeline site in Taungtha Township, Yonesigyi Village in Mahlaing Township, Basic Education High School (Htantaw) in Mahlaing Township, departmental buildings and Lelthit Village in Myingyan Township, Mandalay Region, using FPV Suicide Drones, sound mines, heavy and small arms; and drop bomb attacks, attacks using sound mines, small arms, and shot-triggered rockets on Nyaungpinthar Village in Pyu Township, Thamininkone Village in Kyauktaga Township, Nyaungchedauk Village in Zeyawady Township, and Yedashe Township in Bago Region. These terrorist acts resulted in injuries to one innocent civilian.

The terrorist insurgent groups carried out various disruptive activities starting from the pre-election period to prevent the success of the multi-party democratic general election—a path desired by the public—to undermine national stability, to delay national development projects undertaken by the government and the people, and to damage election processes. However, understanding the goodwill and objectives of the Government, which focuses on public stability and national development, the majority of the people were found to have voted for their preferred party candidates.

Then, in the general election that began on December 28, 2025, there were a total of 24.22 million eligible voters. A total of 57 political parties participated, including 6 parties competing nationwide and 51 parties competing within specific regions and states. The election was successfully held in 263 out of 330 townships. It was conducted freely, fairly, and transparently in the presence of international election observers, diplomats, news media, and voters who enthusiastically cast their ballots in person.

Therefore, in order to continue walking the path of the multi-party democratic system through subtle means, responsible citizens who support democracy and desire national peace and the improvement of public socio-economic life are urged to continue collaborating with relevant authorities for the success of the multi-party democratic system. Myawady TV hereby issues an appeal for the public to report any information regarding terrorist activities or suspicious sightings to the relevant authorities in a timely manner. 100



Fragments of a drop bomb dropped by a terrorist insurgent group using one drone in an attack on the General Administration Office in Htantabin Town, Bago Region, seen at the scene.

# More than 3,000 acres of pigeon pea harvested in Kanbalu Township of Sagaing Region

**Kanbalu January 26**

According to the township Agriculture Department, local farmers harvested more than 3,000 acres of pigeon pea as monsoon crops in Kanbalu Township of Sagaing Region this year.

In Kanbalu Township, up to 123,366 acres of pigeon pea were successfully cultivated during the monsoon cropping season. Harvesting of these pigeon pea fields began in December 2025, and as of now, 3,636 acres have been harvested. The average yield is reported to be 14.94 baskets per acre.

"In Kanbalu Township, pigeon pea has been cultivated on as many as 123,366 acres. Harvesting of the cultivated fields is currently under way, and to date, more than 3,000 acres have already been harvested. Pigeon pea cultivation has exceeded the originally planned acreage. Measures are also being taken to ensure good yields. Pigeon pea is grown both as a sole crop and as an intercropped crop," said U Myo Zaw, Township Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, the Township Department of Agriculture is providing field-based awareness and technical support to pigeon pea farmers on the selection of high-quality and pure seeds, proper cultivation methods, pest prevention, and achieving good yields.

The Township Department of Agriculture in Kanbalu Township is also disseminating techniques that combine the use of urea and potash to help pigeon pea farmers reduce the cost of purchasing foliar fertilizers. It is reported that the combined use of urea and potash lowers cultivation costs while promoting healthy plant growth and reducing pest infestations. 206

# Japan's Takaichi pledges to resign if ruling bloc loses majority in upcoming snap election

**Tokyo January 26**

Japanese Prime Minister Sanae Takaichi said on Monday that she would step down immediately if the ruling bloc fails to secure a majority in the upcoming House of Representatives election.

Speaking at a party leaders' debate held on Monday, Takaichi, who also serves as president of the ruling Liberal Democratic Party (LDP), said that an electoral defeat would leave her unable to continue as prime minister or push ahead with her policy agenda.

When pressed to clarify what she meant by "defeat," Takaichi said she would resign at once if the ruling alliance formed by the LDP and the Japan Innovation Party fails to win more than half of the seats in the lower house.

The debate brought together leaders of several ruling and opposition parties, including Fumitake Fujita, co-representative of Japan Innovation Party, Yoshihiko Noda, co-leader of the opposition Centrist Reform Alliance, and Yuichiro Tamaki, head of the Democratic Party for the People.

The lower house was dissolved on Friday at the outset of its ordinary parliamentary session, with a general election set for Feb. 8. The official campaign will start Tuesday, creating a mere 16-day campaign period, the shortest in Japan's postwar history.

Xinhua

# Roundup: U.S. celebrities denounce ICE's escalating violence in Minnesota

**Los Angeles January 26**

"Alex Pretti was murdered," wrote Stephen King, U.S. bestselling novelist known for his horror and thriller fiction, in a post on X Saturday, hours after 37-year-old intensive care nurse Alex Pretti was killed by a group of federal agents in the U.S. major city of Minneapolis.

As violence escalates in the capital of Minnesota state, especially following Pretti's death, celebrities across the country have begun speaking out, using public platforms to draw attention to what they describe as injustice and excessive violence by Immigration and Customs Enforcement (ICE) and the administration of U.S. President Donald Trump.

At the prestigious Sundance Film Festival on Saturday, Hollywood stars used red-carpet appearances to condemn the fatal shooting, calling the incident part of "a disturbing pattern of government violence."

In Park City, Utah, where the festival was held, actress Olivia Wilde, while attending the premiere of the film "The Invite" said that Pretti's death marked the second protester killed by federal agents in just three weeks, describing the situation as "unfathomable." Xinhua



People attend a candlelight vigil held for Alex Pretti in San Francisco, California, the United States, on Jan. 25, 2026.



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstumpတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstumpတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ ထိုင်းနိုင်ငံကလည်း ပါဝင်လေ့လာခဲ့မှုနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မည်သည့်တိုက်တွန်းချက်မှမပါရှိဘဲ ၎င်းတို့၏ကိုယ်ပိုင်သဘောဆန္ဒအလျောက်လာရောက်၍ ဆန္ဒမဲများပေးကြသည်ကို တွေ့ရှိရမှု၊ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သန့်ရှင်းသည့်ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ခဲ့မှု၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဉာဏ)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ကျင်းပသည့်နှစ်နိုင်ငံအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်စည်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ကုလသမဂ္ဂ၊ အာဆီယံ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၊ အာဆီယံဒေသဆိုင်ရာဖိုရမ်(ARF)တို့အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲ တည်ထောင်ခြင်းဆိုင်ရာအစီအစဉ်ကို လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

ပူးတွဲသတင်းစာ ရှင်းလင်းပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက မြန်မာသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးမှ မိသားစုများနှင့် တွေ့ဆုံပြီး သံတမန်များနှင့် မိသားစုဝင်များသည် နိုင်ငံကို ကိုယ်စားပြုသူများဖြစ်ကြသဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service)ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ်ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု(Express Service)ကို၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ဖြစ်ပွားလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသက်ဝင်းတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ သံရုံးဒုတိယယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

( မဝ)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကိုဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၀ ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅)အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် လေးခုကိုလည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ လျှပ်စစ်၊ အိမ်ရာအဆောက်အအုံတည်ဆောက်ခြင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၆ ခုတို့ကို လည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၉၁၁ သန်းနှင့် ငွေကျပ် ၂၁၂၀၄၃၆ ဒသမ ၆၅၂ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၃၃၈၂ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ အိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအပြင် စားသောက်ကုန်ထုတ် လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်း၊ လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊အဖွဲ့အစည်းများမှမြို့ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘောရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား(Hate Speech)များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

သတင်းအဖွဲ့

# ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း

နေပြည်တော် ဇန်နဝါရီ ၂၆



**အားလုံးမင်္ဂလာပါ။**

ဒီနေ့ကျင်းပပြုလုပ်တဲ့ **၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို** တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ ကောင်းခြင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကို **"သုတေသနဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန်"** နဲ့ **"သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်"** စတဲ့ ရည်ရွယ်ချက်တွေနဲ့ ၁၉၆၅ ခုနှစ်က စတင်ကျင်းပလာခဲ့တာ ယခုအခါ ၅၄ ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။

ယနေ့ခေတ်ဟာ သိပ္ပံနဲ့ နည်းပညာခေတ်ဖြစ်တဲ့အတွက် အရာရာဟာ အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲလျက်ရှိနေပါတယ်။ ဒါ့ကြောင့်လဲ ဆေးသိပ္ပံပညာရပ်များ၊ ရောဂါရှာဖွေကုသတဲ့ ခေတ်မီဆေးဘက်ဆိုင်ရာကိရိယာများ၊ ဆေးဝါးနဲ့ ကုထုံးအသစ်တွေ တိုးတက်လာဖို့နဲ့ Artificial Intelligence (AI) နည်းပညာအကူအညီနဲ့ ဆောင်ရွက်နိုင်တဲ့အထိ စဉ်ဆက်မပြတ် လေ့လာသိရှိဖို့ လိုအပ်လာပါတယ်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေမှာ ပြည်တွင်းက သုတေသီပညာရှင်တွေသာမက နိုင်ငံတကာက သုတေသီများလဲ ပါဝင်ပြီး သုတေသနစာတမ်းများ၊ သုတေသနပိုစတာများကို တင်သွင်းပြသကြတာ တွေ့ရပါတယ်။ ဒါ့ပြင် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium)တွေနဲ့ ဘာသာရပ်အလိုက် ဟောပြောပွဲ (Scientific Talk) တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပပြီး အသစ်အသစ်သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များနဲ့ သုတေသနဆိုင်ရာ တွေ့ရှိချက် (Updated knowledge and research finding) တွေကို တင်ပြဆွေးနွေးကြမယ်လို့လဲ သိရှိရပါတယ်။ အခုလို မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နေတာတွေ့ရှိရလို့ ဝမ်းသာဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

ယခု ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ ဦးတည်ချက်အဖြစ် **"ဆေးသုတေသန ဆောင်ရွက်မှုများမှသည် ပြည်သူလူထု၏ ကျန်းမာရေးပိုမိုကောင်းမွန်စေရေး- Better Health Through Medical Research"** ဆိုတဲ့ ဆောင်ပုဒ်နဲ့ သတ်မှတ်ထားတယ်လို့ သိရှိရပါတယ်။

ဆေးသုတေသနလုပ်ငန်းတွေက ရရှိလာတဲ့ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြုသုတေသနတွေ့ရှိချက် (Evidence-based research finding) တွေကို အသုံးပြုပြီး ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနဲ့ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စေမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ တိုးတက်အောင်မြင်စေဖို့နဲ့ မိမိတို့နိုင်ငံအတွက် ခေတ်နဲ့အညီ သင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာမူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဖို့ကိုလဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဆေးသုတေသနဆောင်ရွက်မှုရလဒ်တွေကတစ်ဆင့် တစ်မျိုးသားလုံးရဲ့ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေပြီး မိမိတို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေနိုင်မှာလဲ ဖြစ်ပါတယ်။

ယခုအချိန်မှာ အဖြစ်များပြီး ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်သောရောဂါများဖြစ်တဲ့ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနဲ့ နှလုံးရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကိုရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ပူးပေါင်းပြီး **"မြန်မာနိုင်ငံရှိ မကူးစက်တတ်သောရောဂါများ၏ ဖြစ်ပွားနိုင်ခြေကို လေ့လာခြင်းသုတေသန(၂၀၂၄)"** ကို ဆောင်ရွက်ပြီးစီးခဲ့ပြီလို့ သိရပါတယ်။ သုတေသနတွေ့ရှိချက်တွေအရ မကူးစက်တတ်သော ရောဂါဖြစ်ပွားမှု မြင့်မားလာခြင်းကို ကာကွယ်တားဆီးခြင်းလုပ်ငန်းတွေနဲ့အတူ ပြည်သူလူထုအတွင်း အာဟာရမျှတစွာ စားသုံးတဲ့ အလေ့အထတွေ ရရှိနိုင်ဖို့အတွက် ပံ့ပိုးကူညီပေးရမှာလဲဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းမှာ နိုင်ငံတော်က ဆေးသုတေသနဦးစီးဌာနသာမက အခြားဦးစီးဌာနများ၊ ဆေးနဲ့ ဆေးနှီးနွယ်တက္ကသိုလ်တွေမှာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်က ဘဏ္ဍာငွေကျပ် ၁ ဒသမ ၅ ဘီလီယံ ခွင့်ပြုပေးခဲ့ပါတယ်။

ဒါ့ပြင် ကျန်းမာရေးဝန်ကြီးဌာန ဦးဆောင်ပံ့ပိုးမှုနဲ့ ဆေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး **"မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆယ်ကျော်သက် ကျောင်းသား၊ ကျောင်းသူများတွင် ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို လေ့လာခြင်းသုတေသန"** ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။ ဆယ်ကျော်သက်အရွယ် ကျောင်းသား၊ကျောင်းသူတွေဟာ အနာဂတ်နိုင်ငံတော်ရဲ့ မျိုးဆက်သစ်များဖြစ်တဲ့အတွက် ယခုဆောင်ရွက်ခဲ့တဲ့ သုတေသနရလဒ်တွေအပေါ်အခြေခံပြီး ပိုမိုကောင်းမွန်တဲ့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နောက်တစ်ချက်မှာကြားလိုတာကတော့ ဒေသတွင်း ဖြစ်ပွားတတ်တဲ့၊ ကူးစက်တတ်တဲ့ ကပ်ရောဂါများ၊ ရာသီအလိုက်ဖြစ်ပွားတတ်တဲ့ရောဂါများ ကာကွယ်ထိန်းချုပ်ရေးနဲ့ ကင်ဆာရောဂါကို စောစီးစွာ သိရှိစေနိုင်ပြီး ကုသမှုတွေ အောင်မြင်အောင် အထောက်အကူပြုနိုင်တဲ့ သုတေသနတွေကိုလဲ ဆောင်ရွက်ဖို့လိုပါတယ်။ ဒီသုတေသနတွေကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ခေတ်မီခေတ်ခွဲနည်းပညာများ၊ သုတေသနနည်းစနစ်များကို ကျင့်သုံးပြီး ဆောင်ရွက်နေတယ်လို့ သိရှိရတဲ့အတွက် ယခုထက်ပိုပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားလိုပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ဖို့အတွက် အာဟာရဆိုင်ရာ သုတေသနများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်ပြုမူရေးနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြဖို့လိုပါတယ်။ အဲဒီသုတေသနတွေက တွေ့ရှိချက်တွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုပညာပေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဆေးကုသရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေ၊ ဆေးရုံအုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနလုပ်ငန်းတွေကိုလဲ တိုးမြှင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးနဲ့ ဆေးနှီးနွယ်တက္ကသိုလ်များ၊ ဆေးရုံများ၊ ရောဂါတိုက်ဖျက်ရေးစီမံချက်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များကိုလဲ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ ပိုမိုစောင့်ရှောက်နိုင်ဖို့လဲ လိုအပ်ပါတယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်လို့ တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေရရှိဖို့ လက်တွေ့အသုံးချ သုတေသနတွေကို တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားလိုပါတယ်။

မိမိတို့နိုင်ငံမှာ သုတေသနပြုလိုတဲ့စိတ်(Research minded)ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေများများစွာ ပေါ်ထွက်လာပြီး သုတေသနလုပ်ငန်းတွေကို နည်းစနစ်၊ ကျင့်ဝတ်နဲ့အညီ ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီအတွက်လဲ သုတေသနနည်းပညာသင်တန်းတွေ၊ သုတေသနကျင့်ဝတ်ဆိုင်ရာသင်တန်းတွေကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ သုတေသနပြုလုပ်ခြင်းက အရေးကြီးကြောင်း နားလည်သဘောပေါက်ပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် (Research culture) တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေရေး လေ့ကျင့်ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

၂၀၂၅ ခုနှစ်အတွင်းမှာ ကျန်းမာရေးဝန်ကြီးဌာနက သုတေသီတွေနဲ့ ပညာရှင်တွေဟာ အပြည်ပြည်ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာညီလာခံများသို့ တက်ရောက်ပြီး စာတမ်းများ ဖတ်ကြားတင်ပြခြင်း၊ ဟောပြောပွဲတွေမှာ ဟောပြောသူအဖြစ် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် မိမိတို့နိုင်ငံမှာ ဆေးပညာရပ်ဆိုင်ရာညီလာခံတွေကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်ပေးနိုင်ခဲ့တာကိုလဲ တွေ့ရပါတယ်။

နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအနေနဲ့ ဆေးသုတေသနဦးစီးဌာနကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ငှက်ဖျားရောဂါသုတေသနနဲ့ ရောဂါရှာဖွေကုသရေးအတွက် ပူးပေါင်းဆောင်ရွက်တဲ့ဌာန WHO Collaborating Centre for Research & Training on Malaria-(WHO-CC)အဖြစ် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်ကစပြီး ၂၀၂၈ ခုနှစ်ထိ အသိအမှတ်ပြုထားတယ်လို့သိရပါတယ်။ ဆေးသုတေသနဦးစီးဌာနရဲ့ ငှက်ဖျားရောဂါ၊ ကိုမိလဗေဒနဲ့ ပိုးသတ်ဆေးယဉ်ပါးမှုတို့နဲ့ပတ်သက်တဲ့ သုတေသန၊ လေ့ကျင့်ရေးနဲ့ ပညာရေး၊ သတင်းအချက်အလက်စုဆောင်းခြင်းနဲ့ ပေါင်းစပ်ခြင်းလုပ်ငန်းတွေမှာ(WHO-CC)အနေနဲ့ ပါဝင်ဆောင်ရွက်လျက်ရှိတယ်လို့သိရတဲ့အတွက် နိုင်ငံ့ကျန်းမာရေးကဏ္ဍ တိုးတက်မှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မိမိတို့အနေနဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ လူငယ်တွေ အသိပညာ၊ အတတ်ပညာ မြင့်မားရေးနဲ့ တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်ကြောင်း သိရှိနားလည်ထားပါတယ်။ ဒါ့ကြောင့်လဲ မိမိတို့ရဲ့ ဦးတည်ချက်တွေထဲမှာ **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုပြီး ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒီလို ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရာမှာ သုတေသနလုပ်ငန်းများနဲ့ ခုလိုကျင်းပတဲ့ သုတေသနညီလာခံတွေဟာ များစွာအထောက်အကူဖြစ်စေပြီး အောင်မြင်တိုးတက်မှုတွေရရှိမယ်လို့ ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ **ယခု ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးမှာ တင်ပြတဲ့သုတေသနရလဒ်ကောင်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့အတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေးနဲ့ လူတိုင်း ရောဂါဘယကင်းရှင်းရေးကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဆေးသုတေသနဦးစီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဆေးသုတေသနတွေ့ရှိချက်တွေကိုအသုံးချပြီး ပြည်သူတွေပိုမိုကျန်းမာလာစေရေးကို အကောင်အထည်ဖော်နိုင်မယ်လို့လဲ ယုံကြည်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးတွန်းအားပေးတဲ့ သုတေသနကောင်းတွေကို သုတေသီများက စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။**

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ယခု ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးမှာ တင်ပြတဲ့ သုတေသနရလဒ်ကောင်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့အတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေးနဲ့ လူတိုင်းရောဂါဘယကင်းရှင်းရေးကို များစွာအထောက်အကူပြုမှာဖြစ် . . .**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ၏စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက် ပြုအခမ်းအနားကို ယနေ့နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသ ကြီး သယံဇာတရေးရာဝန်ကြီး၊ ကမ္ဘော ဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Jana-ki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ Mr. Nguyen Xuan Loc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွာနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Ms. Rami Niranjan Desai နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို စောင့်ကြည့်လေ့လာနိုင်ရန် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများကို ဖိတ်ကြားစေခဲ့ပြီး အဆွေ တော်တို့၏ လာရောက်လေ့လာမှုအတွက် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲက လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင် ရန်နှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြင့် အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်၍ ရွေးကောက်ပွဲ အထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးပါကြောင်း၊ ယခုဆိုလျှင် ရွေးကောက်ပွဲ အပိုင်း သုံးပိုင်းလုံးကို မဲဆန္ဒ ရှင်ပြည်သူများ၏ လာရောက်ဆန္ဒမဲပေးမှု၊ ပူးပေါင်းပါဝင်မှုများဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ကျင်းပပြီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် မိမိတို့ နိုင်ငံအတွက် အရေးပါသည့် မှတ်တိုင် တစ်ခုဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်စိတ်ချ ရမှုတို့အတွက် စောင့်ကြည့်လေ့လာသူများ အဖြစ် ပါဝင်ခဲ့ကြသည့် အဆွေတော်တို့၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါ ကြောင်း၊ အဆွေတော်တို့၏ ပါဝင်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ ပွင့်လင်း မြင်သာမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတို့၏ အရေးပါ ပုံကို မီးမောင်းထိုးပြလျက်ရှိပါကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိမှုနှင့် အကြံပြုချက်များသည် ရွေးကောက်ပွဲ အပေါ် ပြည်သူလူထု၏ယုံကြည်မှုကို ခိုင်မာစေပြီး ဒီမိုကရေစီစနစ် တိုးတက် ထွန်းကားရေးအတွက် အထောက်အကူပြု မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံ အချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံမှုရှိ သည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် တို့၏ မြန်မာနိုင်ငံအပေါ် သမာသမတ်ကျ စွာ ထောက်ခံရပ်တည်ပေးမှုသည် တန်ဖိုး မဖြတ်နိုင်သော မိတ်ဆွေရင်း၊ ညီအစ်ကို စိတ်ဓာတ်များပင်ဖြစ်ပါကြောင်း၊ အဆွေ တော်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတို့သည် အစိုးရအချင်းချင်း ဆက်ဆံရေးသာမက နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း ဆက်ဆံရေး သည်လည်း မိတ်ဆွေအရင်းအချာနိုင်ငံ များအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ် ပါကြောင်း။

အဆွေတော်တို့အနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပွင့်ပွင့် လင်းလင်းဆွေးနွေးပေးရန် ဖိတ်ခေါ်အပ်ပါ ကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိ မှုများ၊ အကြံပြုချက်များနှင့် ဆွေးနွေးမှုများ ကို ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံလိုပါ ကြောင်း၊ အဆွေတော်တို့၏ သဘောထား အမြင်များကို လက်ခံရရှိပြီး နောင်တွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက် နိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ နီကာရာဂွာ နိုင်ငံနှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့မှု အခြေအနေများကို မှတ်ချက်ပြုပြောကြား ခဲ့ကြသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၆**

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာ ရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၌ ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Massages ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။ **(ဂုဏ်ပြု မိန့်ခွန်းကို စာမျက်နှာ ၁၈ တွင် သီးခြား ဖော်ပြထားပါသည်။)**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီ များနှင့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်များကို အကောင် အထည်ဖော်ရာ၌ အရေးပါသည့် မဏ္ဍိုင် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည့် ဆေးသုတေ သနကဏ္ဍအတွက် ကျန်းမာရေးဝန်ကြီး ဌာနက မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကြီးမှူး ကျင်းပပေးခဲ့သည်မှာ ယခုနှစ်တွင် ၅၄ ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနသည် သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် သုတေသန ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေး လျက်ရှိရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ သုတေသနစီမံချက် ၁၅၀ အတွက် သုတေ သနရန်ပုံငွေကျပ်သန်းပေါင်း ၁၅၀၀ ခွင့်ပြု ချထားပေးခဲ့ကြောင်း၊ ယခုနှစ် ညီလာခံ တွင် ယခင်နှစ်များက ကျန်းမာရေးဝန်ကြီး ဌာန သုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ သည့် သုတေသနလုပ်ငန်းတွေ့ရှိချက်များ ကို သုတေသနစာတမ်း၊ ပိုစတာများအဖြစ် တင်သွင်းပြသကြခြင်းကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိကြောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွှယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များသည် သုတေသန စာတမ်း ၇၁ စောင်၊ သုတေသနပိုစတာ ၄၅ စောင်တို့ဖြင့် ပညာရပ်ဆိုင်ရာကဏ္ဍစုံ မှ တင်သွင်းဖတ်ကြားပြသကြမည်ဖြစ် ကြောင်းနှင့် ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ လေးခုနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲ နှစ်ခုတို့ တွင် ပြည်တွင်း၊ ပြည်ပမှ သုတေသီပညာ ရှင်များ ပါဝင်ဆွေးနွေးကြမည်ဟု သိရှိ ရကြောင်း။

ညီလာခံ၏ အဓိကဆောင်ပုဒ်(Congress Theme)ဖြစ်သည့် "ဆေးသုတေသနဆောင် ရွက်မှုများမှသည် ပြည်သူလူထု၏ကျန်းမာ ရေးပိုမိုကောင်းမွန်စေရေး – Better Health through Medical Research"ကို ပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ "မြန်မာ နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ သုတေသီ များ၏ Myanmar–Korea Joint Symposium (2026) ပါဝင်ပြီး "မျိုးဗီဇဆိုင်ရာ သုတေသနနှီးနှောဖလှယ်ပွဲ – Symposium on Genomic Research" တွင် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ တို့မှ သုတေသီပညာရှင်များနှင့် ပြည်တွင်း ပညာရှင်များပူးပေါင်း၍ Hybrid အသွင် မျှဝေဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကျန်းမာ ရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ပညာသင်ကြားရေး ဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် သင်ကြားရေးစနစ်များ တိုးတက်ပြောင်းလဲခြင်းများကို ဆွေးနွေး တင်ပြမည့်နှီးနှောဖလှယ်ပွဲ "Who Are We? Transforming the Health Professional Educators for 21st Century" စသည်တို့ စုံလင်စွာပါဝင်မည်ဟု သိရှိရ၍ ကျေနပ် အားရမိကြောင်း။

မြန်မာ့ ဆေးပညာလောကအတွက် အစဉ်အလာကြီးမားသည့် ကျန်းမာရေး ဆိုင်ရာသုတေသနညီလာခံတွင် သုတေသန ပညာရှင်များ သုတေသနရလဒ်များနှင့် သုံးသပ်ချက်များ၊ ဆေးပညာရှင်များ၊ စီမံ ခန့်ခွဲသူများ၏ အတွေ့အကြုံနှင့်အသိပညာ မျှဝေမှုများ၊ အကြံပြုချက်များသည် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ အတွက် များစွာအရေးကြီးကြောင်း၊ ကျန်းမာရေးအသိပညာဖလှယ်မှု (Knowledge sharing) ပိုမိုခိုင်မာကျယ်ပြန့်လာစေ ရန် သုတေသနစာတမ်းရှင်များသည် ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များ တွင် သုတေသနတွေ့ရှိချက်များကို ဖော်ပြ နိုင်ရေးအတွက် ပုံနှိပ်ထုတ်ဝေနိုင်သည် ထိ ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်တွင် အဓိကဖြေရှင်းပေးရန် လိုအပ်သည့် ကျန်းမာရေးပြဿနာများကို Evidence-based research findings နှင့် ဖော်ထုတ်ပေးနိုင်သည့် Nation-wide Health Survey များကို နှစ်စဉ် ဌာနအသီးသီး က ပူးပေါင်းပါဝင်၍ ဆောင်ရွက်ကြရေး နှင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးသည် နိုင်ငံသားများ၏ သုတေသန စွမ်းဆောင်ရည်ပေါ်တွင်လည်း မူတည်သည့်အတွက် သုတေသနများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန ကလည်း ဆက်လက်ပံ့ပိုးသွားမည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ဆေးသုတေသန ဦးစီးဌာန Profile နှင့် ၂၀၂၄-၂၀၂၅ ခုနှစ် အတွင်း ဌာန၏ဆောင်ရွက်ခဲ့မှုမှတ်တမ်း Video Clip ကို ပြသသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ဧည့်ခံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီး များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakurနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူ များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် အိန္ဒိယနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသား နေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေး ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့သည် ဧည့်ခံပွဲအခမ်း အနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး သံအမတ် ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာ စားပွဲအခမ်းအနားကို ချမ်းအေးသာစံ မြို့နယ်ရှိ ibis Style Hotel တွင် ယနေ့ညနေပိုင်းက ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် တိုင်းဒေသ ကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေး မြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန် ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushalနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံတော် သီချင်းများဖြင့် ဂုဏ်ပြုကာ အခမ်းအနား ကိုဖွင့်လှစ်ပေးပြီး အိန္ဒိယကောင်စစ် ဝန်ချုပ် H.E. Mr. Sundeep Kaushal က အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသား နေ့နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က အိန္ဒိယနိုင်ငံ၏ ၇၇ နှစ်မြောက် အမျိုးသားနေ့အတွက် ဂုဏ်ပြုစကားနှင့် နှစ်နိုင်ငံအကြားပိုမိုချစ်ကြည်ရင်းနှီးမှုများ ဆတက်ထမ်းပိုးခိုင်မြဲပါစေကြောင်း ဆုမွန် ကောင်းတောင်းစကားများ ပြောကြားပြီး နောက် အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများ နှင့် တေးသီချင်းသီဆိုမှုများဖြင့် ဂုဏ်ပြု ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**






## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သဘောထားမှတ်ချက်များ

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ်ပေါင်း ၆၁ မြို့နယ်၌ ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ၏ ဗီဒီယိုမက်ဆေ့ဖြင့် ပြောကြားချက်၊ ကမ္ဘောဒီးယား၊ နီပေါ၊ နီကာရာဂွါနိုင်ငံနှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီတို့မှ ကိုယ်စားလှယ်များ၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်-



**Ms. Volha N.Chamadanova**

**ဥက္ကဋ္ဌ၊ ဘယ်လာယာရုစ်ပါတီ**

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့ဟာ ရွေးကောက်ပွဲတတိယအဆင့် လေ့လာစောင့်ကြည့်ဖို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပါတယ်။ ရွေးကောက်ပွဲတတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်ထားမှုများနဲ့ ရွေးကောက်ပွဲနေ့အတွက် ပြင်ဆင်ထားမှုများဟာ အလွန်တရာစနစ်တကျရှိပြီး လုံခြုံမှုရှိခြင်းကို ကျွန်မတို့အနေနဲ့ ချီးကျူးဂုဏ်ပြုလိုပါတယ်။ ရွေးကောက်ပွဲတတိယအဆင့်မှာ ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့အား ကောင်းမွန်စွာဧည့်ခံမှုနဲ့ စီစဉ်ပေးမှုအတွက် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ကျေးဇူးတင်ရှိပါတယ်။

တတိယအဆင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ စီစဉ်နိုင်ခဲ့ကြောင်းလည်း ကျွန်မတို့သတိပြုမိပါတယ်။ လုပ်ငန်းစဉ်အားလုံးဟာ ပွင့်လင်းမြင်သာမှုရှိပြီး ရွေးကောက်ပွဲမှာ ပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာအသိပညာများဖြန့်ဝေပြီးဖြစ်လို့ တက်ကြွစွာပါဝင်ခဲ့ကြတာကို တွေ့ရှိရပါတယ်။ မဲရုံများရဲ့ပြင်ဆင်မှုအဆင့်တိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေစံချိန်စံနှုန်းများနဲ့ ကိုက်ညီတာကို တွေ့ရပါတယ်။ ကျွန်မတို့ရဲ့ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အပေါ် ယခုလို အလေးအနက်ဖိတ်ကြားမှုအတွက် ကျေးဇူးအထူးတင်ရှိပါတယ်။

**H.E.Mr. YICH Samethy**

**အဖွဲ့ဝင်၊ ကမ္ဘောဒီးယားနိုင်ငံ**

**အမျိုးသားရွေးကောက်ပွဲကော်မတီ**

ယနေ့အခမ်းအနားကို တက်ရောက်လာတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ နိုင်ငံအသီးသီးမှ ဧည့်သည်တော်များ၊ သံရုံးမှတာဝန်ရှိသူများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျာ။ ကျွန်တော်တို့အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ကိုယ်စားပြုပြီးတော့ လာရောက်တဲ့ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင်ကိုယ်စား မြန်မာနိုင်ငံက ရွေးကောက်ပွဲတွေကျင်းပမှုကို လာရောက်လေ့လာခဲ့တာဆိုရင် ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က ကျင်းပပြုလုပ်တဲ့ ပထမအကြိမ်မဲပေးမှုကိုလည်း လာရောက်လေ့လာခဲ့ပါတယ်။ အဲဒီအချိန်မှာဆိုရင် ကျွန်တော်တို့အနေနဲ့ နေပြည်တော်မှာရှိတဲ့ မဲရုံခြောက်ရုံမှာ သွားရောက်လေ့လာခဲ့ပြီးတော့ အဲဒီအချိန်မှာကျင်းပတဲ့ ရွေးကောက်ပွဲဟာ ဥပဒေ၊ နည်းဥပဒေ လုပ်ငန်းစဉ်များနှင့်အညီ ကောင်းမွန်မှန်ကန်စွာနဲ့ ကျင်းပပြုလုပ်ခဲ့တယ်ဆိုတာကိုလည်း လေ့လာခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော်တို့အနေနဲ့ အခုအခါမှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာပြုလုပ်တဲ့ ဒုတိယအဆင့် ရွေးကောက်ပွဲလေ့လာမှုကို ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ လာရောက်လေ့လာခဲ့ခြင်းမရှိပေမယ့် မြန်မာနိုင်ငံမှာအခြေစိုက်တဲ့ ကမ္ဘောဒီးယားနိုင်ငံသံရုံးက သံအမတ်ကြီးက သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော်တို့ကိုယ်တိုင် လာရောက်လေ့လာနိုင်ခြင်းမရှိပေမယ့် မမှန်မကန်သော ရွေးကောက်ပွဲဆိုင်ရာပြုကျင့်မှုများ တစ်စုံတစ်ရာမျှ မတွေ့ခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ ယခုပြုလုပ်ကျင်းပတဲ့ တတိယအဆင့်ရွေးကောက်ပွဲမှာဆိုရင် ကျွန်တော်တို့အနေနဲ့ ရန်ကုန်မှာရှိတဲ့ မဲရုံခြောက်ရုံမှာ မဲပေးမှုတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာတော့ ကျွန်တော်တို့အနေနဲ့ အောက်ပါအချက်အလက်တွေကို တွေ့ရှိခဲ့ရပါတယ်။



ပထမဆုံးအနေနဲ့ မဲပေးမှုလုပ်ငန်းစဉ်တွေဟာ ငြိမ်းချမ်းတာကို တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပနိုင်ခဲ့တာကို တွေ့ရှိရပြီး ပြည်သူလူထုက အားတက်သရောနဲ့ ပါဝင်မဲပေးခဲ့တာကို တွေ့ရပါတယ်။ ပြည်သူလူထုအနေနဲ့ ၎င်းတို့ရဲ့ မဲပေးပိုင်ခွင့်များကို အနှောင့်အယှက်တစ်စုံတစ်ရာမရှိဘဲ၊ ကြောက်ရွံ့မှု၊ ခြိမ်းခြောက်မှု တစ်စုံတစ်ရာမရှိဘဲနဲ့ မဲပေးခဲ့တာကို တွေ့ရှိခဲ့ပါတယ်။

ဒုတိယအနေနဲ့ကတော့ ကျွန်တော်တို့ မဲရုံဝန်ထမ်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကိုလေ့လာတွေ့ရှိခဲ့ရပါတယ်။ မဲရုံဝန်ထမ်းတွေအနေနဲ့ သတ်မှတ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတွေကို ပြုလုပ်နိုင်ခဲ့တဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးရဲ့ သမာသမတ်ကျမှုတွေကို ဖော်ဆောင်နိုင်ခဲ့တာကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရပါတယ်။

တတိယအနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိတာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးဟာ ပွင့်လင်းမြင်သာမှုရှိပြီးတော့ ပြည့်စုံပြီးရှင်းလင်းတဲ့လုပ်ငန်းစဉ်အနေနဲ့ ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်တွေမှာဆိုရင် ရွေးကောက်ပွဲနှင့်သက်ဆိုင်တဲ့ Stakeholder တွေအားလုံး၊ အထူးသဖြင့် နိုင်ငံရေးပါတီများ၊ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရတဲ့အတွက် အလွန်ကိုပွင့်လင်းမြင်သာမှုရှိတယ်ဆိုတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

စတုတ္ထအချက်အနေနဲ့ကတော့ မြန်မာအီလက်ထရောနစ်မဲပေးစက်များကို အသုံးပြုရာမှာ အလွန်ကိုပြီးပြည့်စုံပြီး မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်ကို ယခင်ကထက် ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်တဲ့ ရလဒ်တွေကို ဖြစ်ပေါ်စေတယ်ဆိုတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ အထူးအနေနဲ့ မြန်မာနိုင်ငံက မဲဆန္ဒရှင်တွေက ဒီစက်ကိုအသုံးပြုတာ ပထမဆုံးဖြစ်ပေမယ့်လည်း မဲပေးစက်နှင့်ပတ်သက်ပြီးတော့ သူတို့အနေနဲ့ ကောင်းမွန်စွာ ဘယ်လိုအသုံးပြုရမလဲဆိုတာကိုသိရှိပြီး ဖြစ်တာကိုလည်း ကျွန်တော်တို့အနေနဲ့ လေ့လာတွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။

နောက်တစ်ချက်အနေနဲ့ကတော့ လုံခြုံရေးဆောင်ရွက်ထားမှုတွေပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနှင့်ပတ်သက်ပြီးတော့ ပြည့်စုံကောင်းမွန်တဲ့ လုံခြုံရေးဆောင်ရွက်ထားမှုတွေကို တွေ့ရှိရပြီး အဲဒီအတွက်ကြောင့်မို့လို့ မဲဆန္ဒရှင်တွေ၊ မဲရုံတာဝန်ထမ်းဆောင်သူတွေနဲ့ အခြားသက်ဆိုင်တဲ့ Stakeholders အားလုံးဟာ လုံခြုံစိတ်ချစွာနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ရွေးကောက်ပွဲလေ့လာတဲ့ mission တစ်လျှောက်လုံးမှာဆိုရင် မဲပေးမှုဆိုင်ရာ မသမာမှုတစ်စုံတစ်ရာမှ မတွေ့ရှိခဲ့ရဘူးဆိုတာကို ပြောကြားလိုပါတယ်။ အဆွေတော်တို့ခင်ဗျာ ကျွန်တော်တို့အနေနဲ့ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲတွေကိုလာရောက်လေ့လာတဲ့အချိန်မှာဆိုရင် ရွေးကောက်ပွဲတွေဟာ တရားဥပဒေနဲ့အညီ ကျင်းပခဲ့တာကို တွေ့ရှိရပြီးတော့ ကျွန်တော်တို့ လေ့လာတဲ့ ယခုအပိုင်း(၃)မှာဆိုရင် အပိုင်း(၁)နဲ့ အပိုင်း(၂)မှာလိုပဲ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရွေးကောက်ပွဲတွေကို လာရောက်လေ့လာနိုင်ဖို့အတွက် ဖိတ်ကြားပေးတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒ့ါအပြင် ဒီအစီအစဉ်ကို တက်ရောက်လာကြတဲ့ နိုင်ငံတစ်ခုချင်းစီမှ ကိုယ်စားလှယ်များအားလုံးကိုလည်း မိမိတို့နိုင်ငံကို ပြန်တဲ့အခါမှာ ကောင်းမွန်အဆင်ပြေတဲ့ခရီးစဉ်လေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။



**Mr. Sergei A. Shkrudnev**

**ဥက္ကဋ္ဌ၊ မင့်စ်မြို့တော်ကုန်သွယ်ရေးသမဂ္ဂ**

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

ဘယ်လာရုစ်နိုင်ငံမှ လေ့လာစောင့်ကြည့်ရေးကိုယ်စားလှယ်အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရွေးကောက်ပွဲများသည် ငြိမ်းချမ်းစွာကျင်းပလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယနေ့မဲရုံများသို့ နိုင်ငံသားများသည် ၎င်းတို့ရဲ့သားသမီးများနှင့်အတူ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြပြီး ၎င်းတို့နိုင်ငံအတွက်သာမက ၎င်းတို့မွေးရပ်မြေတစ်ခုလုံးရဲ့ အနာဂတ်အတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ဖို့ အသင့်ရှိနေကြောင်း တွေ့ရှိရပါတယ်။ မဲရုံများတွင် အရေးပါတဲ့ ပွင့်လင်းမြင်သာမှုရှိခြင်းကို တွေ့ရှိရပါတယ်။ ယနေ့ရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်နေသောပါတီများအပြင် ပြည်သူလူထုလည်းရှိနေခြင်းကိုလည်း သတိပြုမိပါတယ်။ အရာအားလုံးသည် ပွင့်လင်းမြင်သာပြီး ဥပဒေအတိုင်းလုပ်ဆောင်နေကြောင်း တွေ့ရှိရပါတယ်။

ယနေ့ စောင့်ကြည့်သူများအဖြစ် ဆောင်ရွက်နေသော ပါတီကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများအရ လက်ရှိအခြေအနေနှင့် မဲပေးခြင်းများသည် ဥပဒေချိုးဖောက်မှုမရှိဘဲ အစီအစဉ်တကျ လုပ်ဆောင်နေကြောင်းကိုလည်း ၎င်းတို့ပြောကြားချက်များအရ သိရှိရပါတယ်။

ထို့အပြင် ယနေ့အသုံးပြုနေတဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက်စနစ်သည် ရွေးကောက်ပွဲမသမာမှုများကို ကာကွယ်ပေးပြီး ရွေးကောက်ပွဲများကို တရားမျှတစွာကျင်းပနိုင်ရန် များစွာအထောက်အကူဖြစ်ကြောင်း သက်သေပြနေပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူများ၊ နိုင်ငံသားများသည် ဤအချက်ကိုသိရှိပြီး လာမည့်ရွေးကောက်ပွဲများတွင် ၎င်းတို့၏ဆန္ဒကို မည်သူမျှ နှောင့်ယှက်နိုင်မည်မဟုတ်ကြောင်း နားလည်ကြမည်ဟု ယုံကြည်ပါတယ်။

ထို့အပြင် မဲရုံများသို့သွားရောက်လေ့လာခွင့်နှင့် သတင်းအချက်အလက်အားလုံးကိုသိရှိရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြပါစေ၊ အဆွေတော်တို့နိုင်ငံ ဒီထက်မကကြီးပွားတိုးတက်ပါစေ၊ ရှေ့သို့ဆက်လက်လျှောက်လှမ်းနိုင်ပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

**Dr.Janaki Kumari Tuladhar ၊ အဖွဲ့ဝင်၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်**



**❝ကျွန်မတို့အနေနဲ့ ဒီရွေးကောက်ပွဲကို လေ့လာတဲ့အခါမှာ မဲဆန္ဒရှင်တွေအထဲမှာ တိုင်းရင်းသားလူမျိုးတွေအနေနဲ့လည်း ရွေးကောက်တင်မြှောက်ခံခွင့်နဲ့ ရွေးကောက်တင်မြှောက်ခွင့်အတွက်ကို မဲပေးခွင့်မဆုံးရှုံးရန်အတွက် သူတို့ကို ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ သတ်မှတ်ကူညီပေးထားတာကို ကျွန်မတို့ လေ့လာခဲ့ရပါတယ်ရှင် ❞**

Dr.Janaki Kumari Tuladhar

လေးစားအပ်ပါသောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။

ကျွန်မတို့အနေနဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်နဲ့အတူ မြန်မာနိုင်ငံမှာရှိတဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူတွေအဖြစ်နဲ့ ပါဝင်ခွင့်ရရှိတဲ့အပြင် အခုလိုမျိုး နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်ကိုယ်စား မှတ်ချက်ပြုပြောကြားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်ရှင်။

ပထမဦးဆုံးအနေနဲ့ အခုလိုမျိုး ကျွန်မတို့ကို လာရောက်လေ့လာဖို့အတွက် ဖိတ်ကြားခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။ အဲဒီလိုမျိုး နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူတွေကို ဖိတ်ကြားခြင်းဟာဆိုရင် ရွေးကောက်ပွဲစီစဉ်ဆောင်ရွက်တဲ့ အဖွဲ့အစည်းအချင်းချင်းတွေကြားထဲမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ နိုင်ငံထဲမှာရှိတဲ့အဖွဲ့အစည်းတွေအပေါ် ယုံကြည်မှုမြှင့်တင်နိုင်ဖို့နဲ့ ဒီရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိဖို့အတွက် အရေးကြီးတယ်ဆိုတာကို ဖော်ပြရာရောက်တဲ့အတွက် အခုလိုမျိုးဖိတ်ကြားတာကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။

ကျွန်မတို့ကို အခုလိုမျိုးဖိတ်ကြားပေးတဲ့အပြင် ကျွန်မတို့ မြန်မာနိုင်ငံကိုလာရောက်ပြီး လေ့လာချိန်တစ်လျှောက်လုံးမှာ လိုအပ်သမျှ အရာရာကိုပြည့်စုံအောင် စီစဉ်ထားပြီးတော့ ဝမ်းမြောက်ဝမ်းသာစွာနဲ့ကြိုဆိုပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။

ကျွန်မတို့ရဲ့နေထိုင်မှု၊ သွားလာလှုပ်ရှားမှု၊ လုံခြုံရေးဆိုင်ရာတွေ၊ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ပြည့်စုံတဲ့သတင်းအချက်အလက်ပေးမှုတွေ၊ ကျွန်မတို့ အခုလိုမျိုး ရွေးကောက်ပွဲလေ့လာရာမှာ လိုအပ်တဲ့ ကူညီဆောင်ရွက်ပေးမှုတွေအတွက်လည်း အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။

ဆက်လက်ပြီးတော့ ကျွန်မအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးရဲ့ ကျွန်မတို့အဖွဲ့အပေါ် ကူညီဆောင်ရွက်ပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်၊ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံနဲ့နီပေါနိုင်ငံ နှစ်နိုင်ငံကြားမှာရှိတဲ့ ချစ်ကြည်ရင်းနှီးမှုတွေကို ဖော်ဆောင်နိုင်ဖို့နဲ့ ကျွန်မတို့ အဖွဲ့ရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်မတို့ရဲ့ သံအမတ်ကြီးကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

ကျွန်မတို့ရဲ့ ရွေးကောက်ပွဲလေ့လာမှုတွေ ပြုလုပ်နေချိန် အတောအတွင်းမှာဆိုရင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲအတွက် ပြီးပြည့်စုံပြီး ကောင်းမွန်တဲ့ ပြင်ဆင်မှုတွေဆောင်ရွက်ထားရှိခဲ့တယ်ဆိုတာကို ကျွန်မတို့အနေနဲ့ တွေ့ရှိခဲ့ရပါတယ်။ စနစ်ကျပြီးတော့ ရှင်းလင်းတဲ့လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားမှုတွေ ဆောင်ရွက်ထားပြီး အထူးသဖြင့် မဲဆန္ဒရှင်တွေ မဲစာရင်းမှာပါဝင်နိုင်ဖို့၊ ကြိုတင်မဲတွေပေးနိုင်ဖို့ ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုတွေနဲ့ ဒီလုပ်ငန်းစဉ်တွေ အဆင်ပြေဖို့အတွက် အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ကျွန်မတို့လေ့လာတွေ့ရှိခဲ့ရပါတယ်။

ကျွန်မတို့တွေ သတ်မှတ်ထားတဲ့နေရာတွေမှာရှိတဲ့ မဲရုံတွေကို သွားရောက်လေ့လာတဲ့အခါမှာတော့ မဲရုံလုပ်ငန်းတာဝန်တွေကိုထမ်းဆောင်နေတဲ့ မဲရုံဝန်ထမ်းတွေဟာ သမာသမတ်ကျစွာ၊ အရည်အချင်းပြည့်မီစွာနဲ့ ဆောင်ရွက်ခဲ့တဲ့အပြင် သူတို့ရဲ့ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာသိရှိနားလည်ပြီး စိတ်ရောကိုယ်ပါ ဆောင်ရွက်ခဲ့တာကိုလည်း ကျွန်မတို့ တွေ့ရှိခဲ့ရပါတယ်ရှင်။

မဲရုံတွေဟာဆိုရင် ကောင်းမွန်တဲ့စီမံခန့်ခွဲမှုအောက်မှာရှိနေတာကိုတွေ့ရှိရပြီး မဲပေးတဲ့ လုပ်ငန်းစဉ်တွေနဲ့ မဲဆန္ဒရှင်တွေရဲ့ မဲပေးမှုနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ စိတ်ရှုပ်ထွေးမှုတစ်စုံတစ်ရာ မသဲကွဲမှုတွေ မရှိခဲ့ဘူးဆိုတာကိုလည်း ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ အီလက်ထရောနစ်မဲပေးစက်တွေကို မြန်မာနိုင်ငံမှာရှိတဲ့ အင်ဂျင်နီယာတွေက ဒီဇိုင်းဆွဲဖော်ဆောင် ထားတယ်ဆိုတာကိုလည်း တွေ့ရှိရပြီး အဲဒီစက်တွေဟာဆိုလို့ရှိရင် ပြင်ပမှ နှောင့်ယှက်နိုင်မှု တစ်စုံတစ်ရာမရှိဘဲနဲ့ မဲပေးမှုတွေကိုဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကိုလည်း ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်။

မဲပေးမှုလုပ်ငန်းစဉ်တွေဟာ ဆိုလို့ရှိရင်လည်း မဲဆန္ဒရှင်တွေအတွက် သူတို့ရဲ့မဲပေးခွင့် မဆုံးရှုံးနိုင်ဖို့အတွက် ကောင်းမွန်ပြီးတော့ စနစ်ကျတဲ့ပတ်ဝန်းကျင်မှာ မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ခဲ့တာကိုလည်း ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ဒီမဲပေးစက်ကို အသုံးပြုတဲ့အခါမှာ မသန်စွမ်း မဲဆန္ဒရှင်တွေအတွက် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားတာကိုလည်း ကျွန်မတို့အနေနဲ့ တွေ့ရှိခဲ့ရပါတယ်ရှင်။

ကျွန်မတို့လိုမျိုး နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူတွေရဲ့ ရှုထောင့်ကနေ ပြောရမယ်ဆိုရင် ရွေးကောက်ပွဲတွေကို နိုင်ငံတစ်နိုင်ငံမှာ ကျင်းပတယ်။ အထူးသဖြင့် မြေမျက်နှာသွင်ပြင် မတူညီမှုတွေရှိတယ်။ နိုင်ငံသားများစွာရှိနေပြီးတော့ အုပ်ချုပ်မှုအနေအထားတွေ ကွဲပြားမှုတွေရှိနေတဲ့နိုင်ငံတွေမှာဆိုလို့ရှိရင် ချို့ယွင်းမှုတွေရှိနေတယ်ဆိုတာကိုလည်း ကျွန်မတို့တွေအနေနဲ့ အသိအမှတ်ပြုပါတယ်။ အဲဒီလိုအနေအထားတွေရှိတဲ့ အခြေနေမှာဆိုလို့ရှိရင် ပြည်နယ်တွေ၊ တိုင်းတွေအပြင် ကျွန်မတို့အနေနဲ့ ဒီတိုင်းရင်းသားလူမျိုးစုတွေ မဲပေးနိုင်ဖို့အတွက်ကိုလည်း ကူညီဆောင်ရွက်ပေးဖို့ လုပ်ဆောင်မှသာလျှင် အားလုံးပါဝင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်မှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီရွေးကောက်ပွဲကိုလေ့လာတဲ့အခါမှာ မဲဆန္ဒရှင်တွေအထဲမှာ တိုင်းရင်းသားလူမျိုးတွေ အနေနဲ့လည်း ရွေးကောက်တင်မြှောက်ခံခွင့်နဲ့ ရွေးကောက်တင်မြှောက်ခွင့်အတွက်ကို မဲပေးခွင့်မဆုံးရှုံးရန်အတွက် သူတို့ကို ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ သတ်မှတ်ကူညီပေးထားတာကို ကျွန်မတို့ လေ့လာခဲ့ရပါတယ်ရှင်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲလေ့လာမှုကို ဖော်ဆောင်တဲ့အခါမှာ ကျွန်မတို့ကို သင့်လျော်တဲ့သတင်းအချက်အလက်တွေ မျှဝေပေးတယ်။ ပြီးရင် ကျွန်မတို့လိုမျိုး နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူတွေအနေနဲ့ အပြုသဘောဆန်စွာနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးပြီးတော့ ပွင့်လင်းတဲ့သဘောထားရှိတာကိုလည်း ကျွန်မတို့အနေနဲ့ လေးစားကြောင်း ပြောကြားလိုပါတယ်ရှင်။ အဲဒီလိုမျိုး ပွင့်လင်းမြင်သာမှုရှိခြင်းဟာဆိုရင် အဖွဲ့အစည်းတစ်ခုရဲ့ သမာသမတ်ကျမှု၊ အများယုံကြည်လက်ခံမှုပြီးတော့ ဒီရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ်မှာ ပြည်သူလူထုထံမှ ရရှိနိုင်တဲ့ ယုံကြည်မှုကိုလည်း အပြုသဘောဆန်စွာနဲ့ ဖော်ဆောင်နိုင်တာဖြစ်ပါတယ်ရှင်။

နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူတွေရဲ့ ရှုထောင့်ကနေ ဓလေ့ထုံးစံနဲ့အညီ ပြောရမယ်ဆိုရင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဆိုတာဟာ မပြီးဆုံးနိုင်တဲ့ အစဉ်အမြဲ ဆက်လက်ဆောင်ရွက်နေရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာဆိုရင် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းတွေအားလုံး လက်လှမ်းမီရောက်ရှိနိုင်မှု၊ ပြီးရင် ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ ပါဝင်ပတ်သက်သူအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုကောင်းမွန်ဖို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်လျှောက်လုံး အချိန်နဲ့အမျှ ဆောင်ရွက်နေဖို့လိုအပ်မှာဖြစ်ပါတယ်ရှင်။

အဆွေတော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များရှင်။ ကျွန်မတို့ နီပေါနိုင်ငံရဲ့ ရွေးကောက်ပွဲကို ၂၀၂၆ ခုနှစ် မတ်လ ၅ ရက်နေ့မှာ ကျင်းပမှာဖြစ်ပြီးတော့ ကျွန်မတို့အနေနဲ့ ဒီလိုမျိုး ရွေးကောက်ပွဲစီမံခန့်ခွဲမှု အခက်အခဲတွေကို ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်ရှင်။

အဲဒီလိုအချိန်မှာ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြီးပြည့်စုံပြီးတော့ ကောင်းမွန်စွာစီစဉ်ထားတဲ့ စနစ်ကျနမှုရှိစွာနဲ့ အကောင်အထည်ဖော်တဲ့ ရွေးကောက်ပွဲစီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို လာရောက်လေ့လာခွင့်ရတာဟာ ကျွန်မတို့အတွက် တန်ဖိုးအရမ်းကြီးမားပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ ဒီရွေးကောက်ပွဲလေ့လာမှုကနေရရှိခဲ့တဲ့ အတွေ့အကြုံကောင်းတွေကို ကျွန်မတို့ရဲ့ နီပေါနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာ သမာသမတ်ကျဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး အများယုံကြည်လက်ခံဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ ဒီရွေးကောက်ပွဲလေ့လာမှုကနေရရှိခဲ့တဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ကျွန်မတို့အနေနဲ့ ပြန်လည်ပြီးတော့ မျှဝေအသုံးချသွားမှာ ဖြစ်ပါတယ်ရှင်။

နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာမှုဆိုတာဟာ လုပ်ငန်းစဉ် အသစ်တစ်ခုသာမကဘဲ ကျွန်မတို့အနေနဲ့ အပြန်အလှန်သင်ကြားလေ့လာမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းပဲဖြစ်ပါတယ်။ ဒါကြောင့်ကျွန်မတို့အနေနဲ့ အခုလိုမျိုးရွေးကောက်ပွဲစီမံခန့်ခွဲတဲ့ အဖွဲ့အစည်းအချင်းချင်းတွေကြားထဲမှာ၊ အထူးသဖြင့်အာဆီယံနိုင်ငံတွေကြားထဲမှာ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံတွေ ကြားထဲမှာ၊ ဒေသတွင်းမှာရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေကြားထဲမှာ အခုလိုမျိုး ပူးပေါင်းဆောင်ရွက်ပြီးတော့ အများယုံကြည်လက်ခံပြီး အားလုံးပါဝင်မှုရှိတဲ့ရွေးကောက်ပွဲတွေကို ဆောင်ရွက်နိုင်ဖို့အတွက်အတွေ့အကြုံတွေ၊ ဗဟုသုတတွေဖလှယ်တာဟာ ကောင်းမွန်တဲ့ဓလေ့တစ်ခု ဖြစ်တယ်လို့ ကျွန်မတို့အနေနဲ့ ယုံကြည်ပါတယ်ရှင်။

ရွေးကောက်ပွဲကျင်းပမှုဆိုတာဟာ အုပ်ချုပ်မှုလုပ်ငန်းစဉ်တစ်ခုသာ မဟုတ်ပါဘူးရှင်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုတာဟာ နိုင်ငံတစ်ခုရဲ့ ဒီမိုကရေစီ စံချိန်စံညွှန်းတွေနဲ့ ပြည်သူလူထုရဲ့ဆန္ဒအပေါ်မှာ ကတိကဝတ်ပြုမှုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အဲဒီရှုထောင့်ကနေ ပြောရမယ်ဆိုရင်တော့ ဒီကြီးမားတဲ့ အထွေထွေရွေးကောက်ပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ စနစ်ကျစွာနဲ့ ကောင်းမွန်မှန်ကန်တဲ့ အရည်အချင်းတွေနဲ့ ခက်ခဲတဲ့အချိန်တွေ၊ ရှုပ်ထွေးတဲ့အချိန်တွေကြားထဲကနေပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် ချီးကျူးဂုဏ်ယူလိုကြောင်း ပြောကြားလိုပါတယ်ရှင်။

နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ကိုယ်စား ကျွန်မအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ ယခုရွေးကောက်ပွဲကို ကျင်းပတဲ့အခါမှာ အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းဌာနများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာရှိတဲ့ လူထုအနေနဲ့ငြိမ်းချမ်းမှုတွေရရှိပါစေ။ တည်ငြိမ်မှုတွေရရှိပါစေ။ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာလည်း ဒီထက်ပိုမိုပြီးတော့ တိုးတက်ဖွံ့ဖြိုးမှုတွေ ရရှိပါစေလို့ ပြောကြားရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။




**H.E. Mr. Mario Jose Armengol Campos၊ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံအခြေစိုက် နီကာရာဂွါနိုင်ငံ သံအမတ်ကြီး**

**မင်္ဂလာနံနက်ခင်းပါခင်ဗျာ**

လေးစားရတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး ဦးသန်းစိုးနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ သံရုံးမှလာရောက်တဲ့ အခမ်းအနားတက်ရောက်သူများနဲ့ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

နီကာရာဂွါအစိုးရနဲ့ လူထုရဲ့ကိုယ်စား နီကာရာဂွါနိုင်ငံ ကိုယ်စားပြုကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကျင်းပတဲ့ ရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများအနေနဲ့ အပိုင်း (၁) နဲ့ အပိုင်း (၃) ရွေးကောက်ပွဲကျင်းပမှုများကို ပါဝင်လေ့လာဖို့ဖိတ်ကြားပေးတဲ့အတွက်ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အခုချိန်မှာ ရွေးကောက်ပွဲလုပ်ငန်းများကို ဆောင်ရွက်နေတဲ့အရေးကြီးတဲ့ကာလပဲ ဖြစ်ပါတယ်။

ဒီလိုရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကျင်းပခြင်းအားဖြင့်လူထုအနေနဲ့ ၎င်းတို့ကို စီမံအုပ်ချုပ်မယ့် ကိုယ်စားလှယ်များကို ရွေးချယ်ပြီးတော့ ဒီမိုကရေစီနည်းကျတဲ့ ၎င်းတို့ရဲ့အနာဂတ်များကို ဖော်ဆောင်နိုင်ဖို့အတွက် ဆောင်ရွက်နေချိန်လည်းဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အဖွဲ့အစည်းများကို ပိုမိုအားကောင်း ခိုင်မာလာအောင် ဆောင်ရွက်ပြီးတော့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဖို့ ဆောင်ရွက်နေတဲ့အချိန်ကာလလည်း ဖြစ်ပါတယ်။

အခုကျင်းပပြုလုပ်တဲ့ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာရှိတဲ့လူထုရဲ့ အားကောင်းခိုင်မာမှု၊ စုစည်းညီညာမှု၊ ခိုင်မာတဲ့သန္နိဋ္ဌာန်ချမှတ်မှုတွေကို ဖော်ပြနေပါတယ်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

မြန်မာနိုင်ငံအတွင်းမှာ အချို့သောထူးခြားတဲ့ အခြေအနေ အခက်အခဲလေးတွေ ရှိနေပေမယ့်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ပုံမှန် စနစ်တကျ လုံခြုံစွာ ပွင့်လင်းမြင်သာမှုရှိတဲ့အခြေအနေနဲ့ ဖော်ဆောင်နိုင်ခဲ့တာကို တွေ့ရှိရပြီး မြန်မာပြည်သူလူထုအနေနဲ့ ၎င်းတို့ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်ပြီးတော့ ပြည်သူလူထုရဲ့ဆန္ဒတွေကို လေးစားမှုရရှိနေတာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲလေ့လာသူအဖြစ် ဆောင်ရွက်ခွင့်ရရှိတဲ့အခါမှာဆိုရင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဟာ ကောင်းမွန်မှန်ကန်ပြီး ပြည်သူလူထုအနေနဲ့ ဒီရွေးကောက်ပွဲမှာယုံကြည်မှုရှိတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ရွေးကောက်ပွဲတွေကို ကျင်းပမှုကသာလျှင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်ကန်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့ပါတယ်။

ပြည်သူလူထုရဲ့ယုံကြည်မှုဟာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျမှုနဲ့ ယုံကြည်မှုရှိဖို့အတွက်ပါ အရေးပါဆုံးအခြေခံအကျဆုံးအချက်ဖြစ်ပါတယ်။

**“ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီရွေးကောက်ပွဲကို အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ သန္နိဋ္ဌာန်ချမှတ်မှု၊ လွတ်လပ်မျှတမှုဆိုတဲ့ နိုင်ငံတစ်နိုင်ငံချင်းစီမှာရှိတဲ့ အခြေခံသဘောတရားတွေကို ကျွန်တော်တို့အနေနဲ့ အပြည့်အဝ ကတိကဝတ်ပြုပြီးတော့ ထောက်ခံပါတယ်”**

**H.E. Mr. Mario Jose Armengol Campos၊**

ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲတွေကို သွားရောက်လေ့လာတဲ့အခါမှာ နည်းပညာသုံးတဲ့ မဲပေးမှုစနစ်တွေ ကောင်းမွန်မှန်ကန်စွာဆောင်ရွက်နိုင်တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။

ရွေးကောက်ပွဲဝန်ထမ်းတွေ အနေနဲ့လည်း သူတို့ရဲ့လုပ်ငန်းတာဝန်တွေကို တာဝန်ယူမှုအပြည့်၊ နားလည်မှုအပြည့်၊ ဂုဏ်သိက္ခာရှိမှု၊ သမာသမတ်ကျမှုအပြည့်၊ ပွင့်လင်းမြင်သာမှုတွေနဲ့ ဆောင်ရွက်တာဝန်ထမ်းဆောင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီရွေးကောက်ပွဲကို အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ သန္နိဋ္ဌာန်ချမှတ်မှု၊ လွတ်လပ်မျှတမှုဆိုတဲ့ နိုင်ငံတစ်နိုင်ငံချင်းစီမှာရှိတဲ့ အခြေခံသဘောတရားတွေကို ကျွန်တော်တို့အနေနဲ့ အပြည့်အဝကတိကဝတ်ပြုပြီးတော့ထောက်ခံပါတယ်။

အဲဒီလို ကတိကဝတ်တွေထားရှိတဲ့ကြားကပဲ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လေ့လာတဲ့အခါမှာလည်း နှစ်နိုင်ငံကြားမှာရှိတဲ့ အပြန်အလှန် လေးစားယုံကြည်မှုပြီးရင် မြန်မာနိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုရဲ့ဆန္ဒအပေါ်မှာ ကျွန်တော်တို့အနေနဲ့ မှန်ကန်တဲ့သဘောထားနဲ့ လေ့လာမှုတွေကိုလည်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

လေးစားမှုအပြည့်နဲ့ ကျွန်တော်အကြံပြုချက်လေး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့လာရောက်လေ့လာတဲ့ နိုင်ငံကိုယ်စားပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ အထူးသဖြင့် မဲရုံအနေအထား၊ မဲဆန္ဒရှင်တွေကို စိစစ် စစ်ဆေးတဲ့ လုပ်ငန်းစဉ်တွေ ပိုမိုကောင်းမွန်ဖို့အတွက်ဆိုရင် မဲဆန္ဒရှင်တွေသယ်ဆောင်လာတဲ့သက်သေခံကတ်ပြားကို စစ်ဆေးတဲ့စနစ်လေးကိုတော့ ဒီထက်ပိုပြီး ကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့အကြံပြုပြီး ပြောကြားလိုပါတယ်။

ကျွန်တော့်ရဲ့ပြောကြားမှုကို နိဂုံးချုပ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ အခုလိုမျိုး မြန်မာနိုင်ငံမှာရှိတဲ့ ရွေးကောက်ပွဲတွေ ပွင့်လင်းမြင်သာမှုရှိဖို့ကို လာရောက်လေ့လာခွင့်ပေးပြီး ဖိတ်ကြားပေးတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့လည်း ဆက်လက်ပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကိုလုပ်ဆောင်ပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေ၊ အတွေ့အကြုံဖလှယ်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားမယ်ဆိုတာကို ကျွန်တော်တို့ပြောကြားလိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့နီကာရာဂွါသမ္မတဖြစ်တဲ့ Commander Daniel Ortega Saavedra နဲ့ Comrade Rosario Murillo တို့ကနေပြီးတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ မြန်မာနိုင်ငံလူထုကို ဒီထက်ပိုပြီးတော့ အောင်မြင်ပြည့်စုံပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ အကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**Dr. Chheng Kimlong၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးဗဟိုကော်မတီ၊ ကမ္ဘောဒီးယားပြည်သူ့ပါတီ၊ International Conference of Asian Political Parties (ICAPP)**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ကော်မရှင်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များခင်ဗျာ။

ကျွန်တော်တို့အနေနဲ့ အခုလိုမျိုး မြန်မာနိုင်ငံကို လာရောက်ပြီး မြန်မာနိုင်ငံရဲ့ ဖိတ်ကြားချက်နဲ့အတူ အဖွဲ့ရဲ့တစ်စိတ်တစ်ပိုင်းအနေနဲ့ ကမ္ဘောဒီးယားနိုင်ငံပြည်သူ့ပါတီကိုယ်စား လာရောက်လေ့လာခွင့်ရရှိပြီး အခုလိုမျိုးပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

အခုလိုမျိုး ကျွန်တော်တို့အနေနဲ့ ပြီးပြည့်စုံပြီး ကောင်းမွန်အကျိုးရှိတဲ့ ရွေးကောက်ပွဲလေ့လာမှုကို ဆောင်ရွက်နိုင်ဖို့အတွက် ဖိတ်ကြားပြီးတော့ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကူညီထောက်ပံ့မှု၊ ညှိနှိုင်းဆောင်ရွက်မှုတွေနဲ့ ပံ့ပိုးကူညီမှုအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ရောက်ရှိတဲ့ ဇန်နဝါရီလ ၂၄ ရက်နေ့မှာလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ငန်းစဉ်တွေ၊ ရွေးကောက်ပွဲမှာအသုံးပြုမယ့် အီလက်ထရောနစ်မဲပေးစက်တွေနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ကို အဲဒီအချိန်တုန်းက ရှင်းလင်းပြောကြားခဲ့စဉ်က ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်အလက်တွေ၊ အထူးသဖြင့် နိုင်ငံရေးပါတီအရေအတွက်၊ ကိုယ်စားလှယ်လောင်းအရေအတွက်၊ မဲပေးခွင့်ရှိတဲ့မဲဆန္ဒရှင်အရေအတွက်၊ မဲဆန္ဒနယ်အရေအတွက်၊ နိုင်ငံရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတွေပြီးရင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအရေအတွက်၊




မြို့နယ်များရှိ မဲရုံအရေအတွက်တွေ၊ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲအပိုင်း (၁)နဲ့ အပိုင်း(၂) ကနေ ရရှိလာတဲ့ရလဒ်တွေကိုလည်း အသေးစိတ်ရှင်းလင်း ပြောကြားပေးသွားတာကို ကျွန်တော်တို့လေ့လာခဲ့ရပါတယ်။

ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာဆိုရင် ကျွန်တော်တို့အနေနဲ့ မတူညီတဲ့မြို့နယ်တွေမှာရှိတဲ့ မဲရုံ ခုနစ်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။

ကျွန်တော်တို့လေ့လာခဲ့တဲ့အခါမှာ လွယ်ကူရှင်းလင်းပွင့်လင်းမြင်သာမှုရှိတဲ့ မဲပေးမှုလုပ်ငန်းစဉ်ဆောင်ရွက်နေတာကိုတွေ့ရှိရပြီး မဲရုံတစ်ခုစီတိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာလည်း အရည်အချင်းပြည့်မီစွာနဲ့ ကောင်းမွန်စွာဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မဲရုံပတ်ဝန်းကျင်ဟာလည်း တည်ငြိမ်အေးချမ်းလုံခြုံပြီးတော့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာမှာ ပွင့်လင်း၊ လွတ်လပ်၊ မျှတတဲ့ရွေးကောက်ပွဲအနေနဲ့ ကျင်းပနေတယ်ဆိုတာကို ကျွန်တော်တို့ယေဘုယျအားဖြင့် တွေ့ရှိလေ့လာခဲ့ရပါတယ်။

ဥပမာအနေနဲ့ပြောကြားရမယ်ဆိုရင် ကျွန်တော်တို့ ရွေးကောက်ပွဲလေ့လာမှုပြုခဲ့စဉ်တစ်လျှောက်မှာဆိုရင် မဲရုံတိုင်းမှာ မဲရုံနဲ့ပတ်သက်တဲ့အချက်အလက်တွေကိုဖော်ပြထားရှိမှု၊ နိုင်ငံရေးပါတီစာရင်းတွေဖော်ပြထားရှိမှု၊ မဲဆန္ဒရှင်စာရင်းမှာပါဝင်တဲ့ မဲဆန္ဒရှင်စာရင်းတွေကို ဖော်ပြထားရှိမှု၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းစာရင်းတွေကို ဖော်ပြထားမှု၊ ကြိုတင်မဲပေးထားသူတွေရဲ့ စာရင်းတွေကို ဖော်ပြထားမှု၊ မဲပေးမှုနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်ညွှန်ကြားမှုတွေကို Digital screen TV တွေနဲ့ပြသထားမှုနဲ့ လာရောက်မဲပေးတဲ့သူတွေအနေနဲ့ စောင့်ဆိုင်းရမယ်ဆိုရင် အနားယူနေထိုင်ဖို့အတွက် ခုံတွေ စီစဉ်ထားမှုကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။

ဒါ့အပြင် ကျွန်တော်တို့လေ့လာနေတဲ့အချိန်မှာလည်း နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကမီဒီယာတွေ၊ နိုင်ငံရေးပါတီမှကိုယ်စားလှယ်တွေ၊ ပြည်တွင်းနဲ့နိုင်ငံတကာမှရွေးကောက်ပွဲလေ့လာသူတွေအပြင် မဲရုံတစ်ခုချင်းစီမှာ ဆေးအဖွဲ့တွေကို ထားရှိပေးတာကိုလည်း ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့အနေနဲ့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အခုလိုမျိုး အောင်မြင်ပြည့်စုံတဲ့ ရွေးကောက်ပွဲတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ထားမှုတွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်သူတွေအားလုံးနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့မှုအတွက်ကိုလည်း ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။

ဒေသန္တရအာဏာပိုင်တွေ၊ နိုင်ငံရေးပါတီမှ အဖွဲ့ဝင်တွေ၊ ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းတွေ၊ မဲဆန္ဒရှင်တွေကိုလည်း ကျွန်တော်တို့ မဲရုံတွေမှာ တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

လုံခြုံရေးဝန်ထမ်းတွေဟာဆိုရင် လည်း ရွေးကောက်ပွဲကျင်းပရာမှာ အောင်မြင်ဖို့အတွက်ကိုလည်း လိုအပ်တဲ့လုံခြုံရေးဆိုင်ရာအစီအစဉ်တွေကို ဆောင်ရွက်ထားပေးတာကိုလည်း ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အထူးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှဥက္ကဋ္ဌကြီးနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ပြည်သူလူထုတွေကို အခုလိုမျိုးရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ ကြံ့ကြံ့ခံနိုင်မှု၊ စုစည်းညီညာမှုရှိမှု၊ မျိုးချစ်စိတ်ဓာတ်အပြည့်ရှိမှုတို့နဲ့အတူ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိဖို့ အားသွန်ခွန်စိုက် ကြိုးစားမှုတွေအတွက်ကို ဂုဏ်ပြုလိုကြောင်း ချီးကျူးပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား၊ ကမ္ဘောဒီးယားလူထုရဲ့ ကိုယ်စား မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုကြားမှာ အခုထက်ပိုမိုရင်းနှီးတဲ့ အပြုသဘောဆန်ပြီး ပိုမိုကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နိုင်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘောဒီယားနိုင်ငံနဲ့ မြန်မာနိုင်ငံကြားထဲမှာရှိတဲ့ ပေါင်းစည်းညီညွတ်မှုနဲ့ဖွံ့ဖြိုးတက်မှုတွေအတွက် ဖော်ဆောင်သွားပြီးတော့ နှစ်နိုင်ငံတွင်းအပြင် ဒေသတွင်းမှာပါ ကောင်းမွန်လာအောင် ဆောင်ရွက်သွားဖို့အတွက်ကို ကျွန်တော်တို့ ပြုလုပ်သွားမှာဖြစ်ပါတယ်။

အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ပြန်လည်ထွက်ခွာ





ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ Ms. Volha N. Chama-danova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erlina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ နီကာရာဂွာနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်လည်း ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❖ ပြန်လည်ခေါ်ဆောင်မှု

ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း မြန်မာသံရုံးကို ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၆၃ ဦးကိုတပ်မတော်လေယာဉ်ဖြင့် တတိယအသုတ်အဖြစ် ထပ်မံ၍ ပြန်လည်ခေါ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ဇန်နဝါရီ ၂၆ ရက် ယနေ့တွင် တတိယအသုတ်အဖြစ် ထပ်မံခေါ်ဆောင်ပေးရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံသား ၇၁ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ လည်းကောင်း၊ ညနေပိုင်းတွင် ထပ်မံ၍ မြန်မာနိုင်ငံသား ၉၂ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ လည်းကောင်း အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် ဦးရေ ၄၃၀ ကို ဇန်နဝါရီ ၂၅ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ လည်းကောင်း၊ တတိယအသုတ်အနေဖြင့် ၁၆၃ ဦးကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့လည်းကောင်း ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့ထိ မြန်မာနိုင်ငံသား ၇၂၉ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို တွေ့ဆုံစဉ်။




ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို တတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်စဉ်။

ယနေ့တွင် ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများ၊ မြိတ်ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့်အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်၍ အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းနှင့် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို တတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်စဉ်။

(၅၀၁)

**၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အနီးဝန်းကျင်သို့ ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့စဉ် ကျရောက်ပေါက်ကွဲသည့်နေရာနှင့် လက်လုပ်ဒုံးအပိုင်းအစကို တွေ့ရစဉ်။





အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စု ပစ်ခတ်ခဲ့သည့် Drop Bomb ကျရောက်ပေါက်ကွဲမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ မြို့မရဲစခန်းရှိ အိမ်ထောင်သည်လိုင်းခန်းပျက်စီးမှုကို တွေ့ရစဉ်။





စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအနီး၌ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စု ပစ်ခတ်ခဲ့သည့် Drop Bomb ကျရောက်ပေါက်ကွဲမှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

အထိတ်တလန့်ဖြစ်စေရေးစသည့် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်ခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း၊ အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများဖောက်ခွဲပြခြင်း၊ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့်ပစ်ခတ်ခြင်း၊ မဲရုံသို့လာရောက်ရန် ကြိုးပို့ ယာဉ်များကို တားဆီးခြိမ်းခြောက်ခြင်း၊ ပြည်ဖျက်ပြည်ပြေးမီဒီယာများမှ တစ်ဆင့် မမှန်မကန်ဝါဒဖြန့် လုပ်ကြံရေးသား ဖြန့်ဝေခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

ထို့ပြင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူ အုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြိုကာလများတွင်လည်း ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ရာ မြို့နယ် ၄၁ မြို့နယ်တွင် အများပြည်သူဆိုင်ရာနေရာများ၌ မဟုတ်မမှန်ဝါဒဖြန့်စာစောင်များဖြန့်ဝေခြင်း၊ ကပ်ထားခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လှုံ့ဆော်စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း၊ မဲမပေးရန်လှုံ့ဆော်အော်ဟစ်ပြောဆိုခြင်း၊ဆဲဆိုခြင်း၊ မဲမပေးရန်လှုံ့ဆော်သည့် Sound Box၊ Speaker များဖွင့်ခြင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများကို ရိုက်ချိုးခြင်း၊ လှဲချခြင်း၊ မီးရှို့ခြင်းများ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်များကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း လေးကြိမ်၊ Drop Bomb ချ တိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ လက်လုပ်အသံမိုင်းခွဲနှောင့်ယှက်ခြင်း နှစ်ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း ခြောက်ကြိမ်၊ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း သုံးကြိမ်၊ ရွေးကောက်ပွဲ တာဝန်ခံဌာနဆိုင်ရာ အစိုးရဝန်ထမ်းများ၊ ရွေးကောက်ခံပါတီ အဖွဲ့ဝင်များကို လက်နက်ကိုင်ခြိမ်းခြောက်ခြင်း သုံးကြိမ်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခြောက်ကြိမ်၊ စုစုပေါင်း ၅၄ ကြိမ် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ဆက်လက်၍လည်း အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူ အုပ်စုများသည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ်(၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂)တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို Fixed Wing ဖြင့်ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့၊ အောင်ချမ်းသာကျေးရွာ အုပ်စု ယုဇနဆီအုန်းကုမ္ပဏီ မာရမ်းပျိုးခြံမှ ဆန္ဒမဲပေးရန် မဲရုံသို့သွားရောက်သည့် ဆီအုန်းခြံလုပ်သားဦးရေ ၁၇၀ ကို တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံး ခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့ စော်ဘွား (၁)ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃) အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့ မြောက်ဘက်နှင့် တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊ တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်း အနီးတို့သို့ Drop Bomb ချ တိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ် ဇုန်အမှတ်(၉)၊ မဲရုံအမှတ်(၆၄) အခြေခံပညာ မူလတန်းကျောင်း(ပွွန်) စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ဒီဇင်ဘာ ၂၇ ရက် ညနေမှ ၂၈ ရက် ညနေပိုင်းထိ အပိုင်း(၁) မဲဆန္ဒနယ် ၁၀၂ မြို့နယ်အနက် မြို့နယ် ၁၁ ခုတို့၌ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြရာ ပြည်သူ ငါးဦးခန့် အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပသည့် ဇန်နဝါရီ ၁၁ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားအုပ်စုသည် ကယားပြည်နယ် ဖရူဆိုမြို့အတွင်းသို့ Drone များအသုံးပြု၍ Drop Bomb ချ တိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကမ်းကြီးအုပ်စု တောင်သုံးလုံးကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်ကို မီးရှို့ဖျက်ဆီးခြင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့၊ စလင်းမြို့၊ ကံမမြို့တို့အတွင်းသို့ Fixed Wing များ၊ ရှော့တိုက်ဒုံးများ၊ Drop Bomb များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၊ ဘုတလင်မြို့၊ မြင်းမူမြို့တို့အတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့အတွင်းသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို အပိုင်း(၂) မဲဆန္ဒနယ် မြို့နယ် ၁၀၀ အနက် ၁၀ မြို့နယ်တို့၌ လုပ်ဆောင်ခဲ့ကြရာ သစ္စာရှိနိုင်ငံ့ဝန်ထမ်း နှစ်ဦးသေဆုံးခဲ့ပြီး ဝန်ထမ်း နှစ်ဦးနှင့်အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပသည့် ဇန်နဝါရီ ၂၅ ရက်တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုသည် ကချင်ပြည်နယ် ဖားကန့်မြို့ရှိ အိုးအိမ်အိမ်ရာနှင့် နန့်ယားရွာလယ်တံတားနေရာတို့သို့ ၆၀ မမ စိန်ပြောင်းများ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ မြို့မရဲစခန်းကို Drone များအသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နှင့် ဆားလင်းကြီးမြို့တို့အတွင်းသို့ Drop Bomb များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ မင်းကန်ခတ်ငွေ့ပိုက်လိုင်းနေရာ၊ ရုံးစည်ကြီးကျေးရွာ၊ မလှိုင်မြို့နယ်အတွင်းရှိ

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှအဆက်

အခြေခံပညာ အထက်တန်းကျောင်း (ထန်းတော)၊ မြင်းခြံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လယ်သစ်ကျေးရွာတို့ကို Drop Bomb ချတိုက်ခိုက်ခြင်း၊ FPV Suicide Drone များဖြင့် တိုက်ခိုက်ခြင်း၊ အသံမိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ၊ ကျောက်တံခါး မြို့နယ်သမင်အင်းကုန်းကျေးရွာ၊ဇေယျာဝတီ မြို့နယ် ညောင်ခြေထောက်ကျေးရွာ၊ ရေတာရှည်မြို့နယ်တို့ကို Drop Bomb ချတိုက်ခိုက်ခြင်း၊ အသံမိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ လက်နက်ငယ် များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ရှော့တိုက် ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို အပိုင်း(၃) မဲဆန္ဒနယ် ၆၁ မြို့နယ်အနက် ၁၁ မြို့နယ် တို့၌လုပ်ဆောင်ခဲ့ကြရာ အပြစ်မဲ့ အရပ်သား ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပြည်သူ လူထုက လိုလားတောင့်တနေသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို ဦးတည်သည့် လမ်းကြောင်းဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုမရှိစေရေး၊ အစိုးရ နှင့်ပြည်သူလက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက် နေမှုတို့ကိုနှောင့်နှေးစေရေးနှင့် ရွေးကောက် ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ထိခိုက်ပျက်စီး စေရန်အတွက်ရွေးကောက်ပွဲအကြိုကာလ များမှစတင်၍ နည်းမျိုးစုံဖြင့် အဖျက် အမှောင့်လုပ်ငန်းများကို ဖန်တီးလုပ်ဆောင် ခဲ့ကြသော်လည်း ပြည်သူလူထုဘဝ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဦးတည် ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံတော်အစိုးရ၏စေတနာနှင့် ရည်ရွယ် ချက်များကို နားလည်သဘောပေါက်စွာ ဖြင့် ပြည်သူအများစုက မိမိတို့ကြိုက်နှစ် သက်ရာ ပါတီကိုယ်စားလှယ်လောင်းများ အား ရွေးချယ်မဲပေးခဲ့ကြသည်ကို တွေ့ရှိ ရသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံးတွင် ယှဉ်ပြိုင်ကြမည့် ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီးနှင့်ပြည် နယ်တစ်ခုအတွင်း ယှဉ်ပြိုင်မည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီဖြင့် ရွေးကောက်ပွဲ ကျင်းပရန် မြို့နယ် ၃၃၀ အနက် ၂၆၃ မြို့နယ်တွင် ရွေးကောက်ပွဲကို နိုင်ငံတကာ မှ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်သူ များ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် စိတ်အားထက်သန်စွာ ကိုယ်တိုင်မဲပေးခဲ့ ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို သိမ်မွေ့သောနည်းလမ်းဖြင့် ဆက်လက် လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီ စနစ်ကို ထောက်ခံကြိုဆိုကြသည့် နိုင်ငံတော်အေးချမ်းသာယာမှုနှင့် ပြည်သူ လူထု၏ လူမှုဘဝတိုးတက်မြင့်မားမှုကို လိုလားကြသည့် တာဝန်သိပြည်သူများ အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်အောင်မြင် စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ဆက်လက်ပူးပေါင်းဆောင် ရွက်ပေးကြရန်နှင့် အကြမ်းဖက်သမား များ၏ လှုပ်ရှားမှုသတင်းများနှင့် သံသယ ဖြစ်ဖွယ်ရာများကိုတွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ အချိန်နှင့် ရန် တိုက်တွန်းသတင်းထုတ်ပြန်အပ် တစ်ပြေးညီ ဆက်သွယ်သတင်းပေးပို့နိုင် ပါသည်။ (၅၀၁)





မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ထန်းတော)ရှိ မဲရုံအနီးသို့ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စု ပစ်ခတ်ခဲ့သည့် Drop Bomb ကျရောက်ပေါက်ကွဲမှုနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။





ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အတွင်း အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ဖောက်ခွဲခဲ့သည့် အသံမိုင်းပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ ရပ်ကွက်(၁)အတွင်းသို့ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စု ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို တွေ့ရစဉ်။

## ဇန်နဝါရီ ၁၈ ရက်မှ ၂၅ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီမှ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း လေးခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါ ပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ(အသက် ၆၀ နှစ်နှင့် အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင် မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## မိုခါမုန်တိုင်း မဖြစ်ခင်အချိန်က အဖွဲ့အစည်းတွေက ရွာမှာကြေညာပေးပါတယ်။ လုံခြုံတဲ့နေရာမှာနေဖို့ပါ။ ရေတွေတက်မှာ၊ အကာအကွယ်လုပ်ရမှာ၊ ကလေးတွေကို ထိန်းခိုင်းပေးရမှာဆိုပြီး ဆိုင်ကလုန်းစင်တာမှာ သွားထိန်းခိုင်းပါတယ်။ တချို့တွေကတော့ မယုံဘူး၊ မဖြစ်နိုင်ဘူးထင်ပြီးတော့ တချို့တွေက မထည့်ဘူး။ တချို့က ကြောက်ပြီးတော့ ထည့်ပါတယ်

**ဒေါ်ဖြူဖြူသန့် ခေါ် ရော်ဇယာ**

၂၀၂၃ ခုနှစ် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်း မိုခါ (MOCHA) မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ နေထိုင်သူများအတွက် ထိုစဉ်က နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့နယ် ဒါးပိုင်(ဘင်္ဂါလီ)ကျေးရွာတွင် နေထိုင်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-

**ဒေါ်ဖြူဖြူသန့် ခေါ် ရော်ဇယာ**
**ဒါးပိုင်ကျေးရွာ စစ်တွေမြို့နယ်**



ကျွန်မက ဒါးပိုင်မှာ နေတာ နှစ်ပေါင်း ၂၀ ကျော်လောက်ရှိပါပြီ။ အိမ်ထောင်ရှိပါတယ်။ ကလေးက ငါးယောက်ရှိပါတယ်။ အမျိုးသားက ကျပန်းပဲ လုပ်တာပါ။ မိုခါမုန်တိုင်း မဖြစ်ခင်အချိန် အဖွဲ့အစည်းတွေက ရွာမှာကြေညာပေးပါတယ်။ လုံခြုံတဲ့နေရာမှာနေဖို့ပါ။ ရေတွေတက်မှာ၊ အကာအကွယ်လုပ်ရမှာ၊ ကလေးတွေကို ထိန်းခိုင်းပေးရမှာဆိုပြီး ဆိုင်ကလုန်းစင်တာမှာ သွားထိန်းခိုင်းပါတယ်။ တချို့တွေကတော့ မယုံဘူး၊ မဖြစ်နိုင်ဘူးထင်ပြီးတော့ တချို့တွေကမထည့်ဘူး။ တချို့က ကြောက်ပြီးတော့ထည့်ပါတယ်။ကျွန်မတို့ သဲချောင်းက ရခိုင်ရွာမှာ သဲချောင်း ဆိုင်ကလုန်း စင်တာ ဆောက်ခဲ့တာရှိပါတယ်။ အဲ့ဒီထဲမှာပဲစုပြီး သွားနေကြတယ်။ ထမင်းတွေဘာတွေလဲ လိုချင်ရင် ပေးပါတယ်။ သူတို့ကို စိတ်ချလက်ချရှိအောင်ပါ။ ငွေတွေ၊ ဘာတွေ အထောက်အပံ့ပေးတာကိုလဲ ကျွန်မတွေ့ခဲ့ပါတယ်။

မိုခါမုန်တိုင်း တိုက်ပြီးတဲ့အချိန်မှာ ရွာတစ်ရွာက လူအချို့ထွက်လို့မရတော့ဘူး။ အဲ့ဒါကြောင့် အသက်တွေဆုံးခဲ့တာပါ။ ကမ်းပိုင်းအနီးမှာ ရွာတွေလဲ ရှိတယ်။ တချို့အမျိုးသားတွေက အိမ်က မထွက်ဘူး။ မထွက်တော့ သူတို့အတိုင်းပဲ ကလေးတွေလဲ ထိခိုက်ရတယ်။ အမျိုးသမီးတွေလဲ ထိခိုက်ရတာ ရှိတယ်။တစ်အိမ်မှာ သုံးလေးယောက်တော့ ဆုံးသွားတာရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရွာမှာ စုစုပေါင်း ၄၅ ယောက်ပဲ ထိခိုက်သွားတယ်။ အများကြီးတော့ မထိခိုက်ပါဘူး။ အဲ့ဒီထဲမှာ ၂၅ ယောက်ပဲ အသက်ဆုံးသွားတာတွေ့ရပါတယ်။ အစိုးရက စားနပ်ရိက္ခာတွေ ပေးတယ်၊ ပြီးတော့ အိုးခွက်တွေ၊ အဝတ်တွေ၊ ပုဆိုးတွေ၊ အကုန်လုံးပေးပြီး လုံလုံခြုံခြုံထားပါတယ်။ မိုးကာစတွေပေးပါတယ်။ တစ်ယောက်ကို တစ်စ အကုန်လုံးပေးခဲ့ပါတယ်။ အဲ့ဒါတွေ ပေးပြီးတော့ သူတို့ပြန်သွားတယ်။ အဖွဲ့အစည်းတွေက ရွာတွေ ထိလာပြီး လိုအပ်တဲ့ပစ္စည်းကို စာရင်းတွေ ကောက်တယ်။

ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ လိုအပ်တာကို အကုန်လုံး စာရင်းကောက်ပြီးတော့ အားပေးစကား ပြောခဲ့တယ်။ အလုပ်အကိုင်ကတော့ အဆင်မပြေသေးဘူး။ ထောက်ပံ့မှုက ရွာသားတွေကို အကုန်လုံး ပေးတာမဟုတ်ဘဲ အဓိကဆင်းရဲသားတွေ၊ မတတ်နိုင်တဲ့လူတွေကိုပဲ ထောက်ပံ့ပေးတာပါ။ စားနပ်ရိက္ခာ ဆန်၊ ရေတွေ၊ ဆေးတွေ ပါပါတယ်။ အဖွဲ့အစည်းကလဲပေးပါတယ်။ အစိုးရကလဲ ပေးပါတယ်။ စားဝတ်နေရေးအနေနဲ့ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး၊ ရွာသား အကုန်လုံးပါပဲ။

**ဦးကာဆိမ်း**
**ဒါးပိုင်ကျေးရွာ စစ်တွေမြို့နယ်**



ကျွန်တော်က ဒါးပိုင်မှာမွေးပြီး ဒါးပိုင်မှာပဲ ကြီးတာပါ။ အသက်က ၆၃ နှစ်ရှိပါပြီ။ ဒါးပိုင်ဇာတိပါ။ အိမ်ထောင်ရှိပါတယ်။ ကလေး ငါးယောက်ရှိပါတယ်။ အလုပ်ကရေလုပ်ငန်းလုပ်ပါတယ်။ ပင်လယ်မှာ ငါးဖမ်းတာလုပ်ပါတယ်။ မိုခါမုန်တိုင်း ကျရောက်ခါနီးမှာ အစိုးရကလာပြီး မုန်တိုင်းကြီး ကျရောက်ဖို့ရှိတယ်လို့ ခဏခဏလာပြောတယ်။ NGO ကလဲ လာပြောတယ်။ မိုခါမုန်တိုင်းကျမယ်။ နောက်တော့ အကြီးအကျယ်ကျတာပါ။ ကျွန်တော်တို့ကို ဆိုင်ကလုန်းစင်တာမှာ သွားနေဖို့ ခဏခဏ ပြောတာရှိပါတယ်။ မကြောက်တဲ့သူတွေက ဒီမှာ နေကြတယ်။ ကြောက်တဲ့သူတွေက ဟိုမှာသွားနေတယ်။

ကျွန်တော်တို့မိသားစုက သွားမနေဘူး။ တခြားမိသားစုတွေက သွားနေပါတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ အိမ်မှာပဲနေတယ်။ မိုခါမုန်တိုင်းမှာ သွားနေတဲ့သူတွေကို မုန်တိုင်းမိတော့ ထမင်းတွေ လာကျွေးတယ်။ အချိုရည်တွေလဲ ပေးပါတယ်။ ကျွန်တော်တို့ရွာ မိုခါမုန်တိုင်းကြောင့် ပျက်စီးတာများပါတယ်။ ကျွန်တော်တို့ရွာက လူများတယ်။ ဆန်တို့၊ ဆီတို့၊ ဆေးတို့ ထောက်ပံ့တာရှိတယ်။ ပိုက်ဆံလဲ ပါပါတယ်။ မုန်တိုင်းကြောင့် ပျက်စီးသွားတဲ့သူတွေကို ထောက်ပံ့ပေးပါတယ်။ ရွာကို အစိုးရက လာပြီး ရှင်းလင်းပေးတယ်။ ကိုယ့်ရွာမှာ ကိုယ်တိုင်လဲ ရှင်းကြပါတယ်။ သဲချောင်းတံတား အခြေအနေက ပျက်စီးသွားတော့ လူတွေသွားလို့လာလို့မရဘူး။ မရတော့ အစိုးရက ချက်ချင်းလာရောက်ပြီးတော့ လုပ်ပေးတဲ့အတွက်ကြောင့် တစ်ရက်နှစ်ရက်အတွင်း သွားလို့လာလို့ ရသွားပါတယ်။ **(သတင်းအဖွဲ့)**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၂၁ ဦး၊ နီပေါနိုင်ငံသား သုံးဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေး နိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(ဧ၀၁)



ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သီပေါမြို့တွင် ဖမ်းဆီးရမိခဲ့သော ငွေလိမ်ဂိုဏ်းသုံး ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် သမိုင်းတွင် ပမာဏအများဆုံးဖြစ်လာခဲ့"** ခေါင်းစဉ်ဖြင့် ၂၈-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၄-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံကာကွယ်နေကြသူများရှိသလို သူခိုးဓားရိုးကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ

(၂၆ - ၁ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မအိုခင်မှာ ပြင်ဆင်စရာ

ဇော်လေး

ဗေဒင်ဆရာ၊ လက္ခဏာဆရာတို့ကတော့ မမေးသူကို မဖြေကြပါ။ အနာဂတ်ကို ကြိုတင်၍ မြင်ချင်သိချင်သူတို့က ပိုက်ဆံငွေကြေးပေး၍ မေးမှသာ ဟောကြပါသည်။ ထိုသို့သော အလေ့အထရှိကြသည် မဟုတ်လော။ စာရေးသူကတော့ ဗေဒင်ဆရာ၊ လက္ခဏာဆရာမဟုတ်ပါသော်လည်း သင်တို့၏ ဘဝခရီးလမ်းကြောင်း အနာဂတ်ပုံရိပ်လွှာကို သင်သိလိုက သိနိုင်ပါရန် အတိအကျမှန်ကန်အောင်ပင် ဟောလိုက်ချင်ပါသည်။

သင်သည် အိုရဦးမည်။

သင်သည် နာရပါလိမ့်ဦးမည်။ ထို့ပြင် မလွဲမသွေ သေလွန်ရပါမည်။

လူ့ဘဝအပိုင်းအခြားမတူညီကြဘဲ ကွဲပြားသော အပိုင်းကြီးသုံးပိုင်းရှိနေပါသည်။ သင်သိနိုင်ပါ၏။ သတိမထားမိသူများ အခက်အခဲတွေ့တတ်ကြသဖြင့် ကြိုတင်သိမြင်ပြီး လိုအပ်သည်များကို တတ်နိုင်သမျှ၊ မိမိလုပ်နိုင်ကိုင်နိုင်သမျှ မြဲမြဲမြံမြံဖြင့် စီမံဆောင်ရွက်ကြစေလိုပေသည်။ သင်ခန်းစာယူ။

တစ်နှစ်တာ၏ ရာသီသုံးရပ်ရှိသည့်အနက် အချို့အချိန်အခါသည် အစားအစာထွက်၍ ရှာဖွေရန်ခက်ခဲသော ရာသီဥတုမျိုးလည်းကြုံရဦးမည်မို့ အနာဂတ်အခြေအနေကို ကြိုတင်တွက်ဆမြော်တွေးတတ်သော အလေ့အထရှိစေရန် မူလတန်းကလေးသူငယ်အရွယ်များမှာပင် သင်ရိုးညွှန်းတမ်းဖတ်စာတွင် "ပုရွက်ဆိတ်နှင့်နှံကောင်" ဟူသော ပုံပြင်လေးကို သင်ပေးလေ့ရှိပေသည်။

လူ့ဘဝအပိုင်းအခြားတွင် ဇာတ်ရုပ်ဇာတ်ကောင်အဖြစ် သုံးကိုယ်ခွဲပါဝင် ကပြရလိမ့်မည်။ လောကဇာတ်ခုံပေါ်တွင် ဤဖြစ်စဉ်ကို မည်သူတစ်စုံတစ်ယောက်မှ သွေဖည်ရှောင်လွှဲ၍မရ။

**၁။ အပိုင်း(၁)။** ကလေးဘဝ၊ လူငယ်ဘဝ။ မိဘဆွေမျိုး၏ အေးရိပ်မှာ မှီခိုလျက် စားစရာမပူရ၊ နေစရာမပူရ၊ ဝတ်စရာမပူရ၊ ပူပင်ကြောင့်ကြကင်းစွာ ပညာသင်ရသည်။ နုပျိုလှပ၊ တက်ကြွလှ၏။ အများအားဖြင့် မပင်ပန်း၊ မဆင်းရဲကြ။

**၂။ အပိုင်း(၂)။** ပညာရှာရ၊ ဥစ္စာရှာရ၊ ကြင်ရာရှာကြ။ ဝမ်းစာရှာနိုင်ရန် အတတ်ပညာတစ်စုံတစ်ခုကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူဆည်းပူးကြရသည်။ အလုပ်အကိုင် တစ်ခုခုလုပ်ကိုင်ပါမှ မိမိနှင့်မိသားစု စားဝတ်နေရေးအဆင်ပြေနိုင်သည်။ မုန့်ဟင်းခါးဆိုင်၊ ထမင်းဆိုင်၊ အကြော်ဆိုင်မှ တိုးတက်ကြီးပွားကာ သူဌေးဖြစ်သွားသူများလည်းရှိသည်။ ကားနောက်လိုက် (စပယ်ယာဟုခေါ်ကြပါ၏) လူငယ်ဘဝ၊ တောမှမြို့သို့ရောက်လာပြီး ယာဉ်မောင်း၊ ယာဉ်စက်ပြင်၊ ကားဝပ်ရှော့အလုပ်ရုံပိုင်ရှင်။ ထို့နောက် ရော်ဘာတော၊ ရော်ဘာခြံများ၊ သစ်သီးခြံကြီးများ၊ မြေယာဖြင့် စီးပွားချမ်းသာဖြစ်လာသူ၊ ဆံပင်ညှပ်သမားဘဝမှ အဲအေးခန်းအလှပြင်ဆိုင်ကြီး မြို့လယ်ကောင်မှာ လေးထပ်တိုက်ကြီးနှင့်နေနိုင်သူ စသည်...

**၃။ အပိုင်း(၃)။** အသက် ၆၀၊ ၇၀ ကျော်လာသောအခါ ရုပ်ခန္ဓာကိုယ်ကလည်း တစ်စတစ်စယိုယွင်းလာခဲ့ပြီ။ ၈၀ နီးလာတော့ အိုမင်းခြင်းဇရာထောင်းသဖြင့် အားအင်ချည့်နဲ့လာခဲ့ပြီ။ သွားတွေကျိုးနေပြီ။ ဆံပင်တွေဖြူလေပြီ။မေ့တတ်လျော့တတ်ဖြစ်လာ၏။ မျက်စိလည်းမှုန်ချေပြီ။ နားကထိုင်း၊ ခါးကကိုင်း။ ရောဂါဝေဒနာအမျိုးမျိုးက အိုခြင်းနောက်မှာ ကပ်ပါလျက် အဖော်အစုအသင်းဖွဲ့ကာ နာခြင်းအမျိုးမျိုးက ရောက်လာကြပြီ။ ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ ဘယ်သူမှဤသဘောဖြစ်စဉ်ကို မရှောင်ကွင်းနိုင်ပါ။ လောကခံခရီးမှာ သာယာမှုများ၊ စည်းစိမ်များ၊ နာကျင်မှုဝေဒနာများသည် ကျားမ မဟူ၊ဘယ်သူ့ကို မှချမ်းသာမပေးဘဲ ဒုက္ခဒဏ်ရာတွေပေးလာခဲ့ပြီ။

ဤအပိုင်း(၃)၊ တတိယအရွယ်သည်ကား ဘဝတစ်ခု၏ နိဂုံးအပိုင်းဖြစ်သဖြင့် (မသေသေးမီ) အရေးအကြီးဆုံးပင်ဖြစ်လေသည်။

စာရေးသူ လူပျိုပေါက်အရွယ်လောက်တွင် မြန်မာ့အသံ ရေဒီယိုလိုင်းမှ ကိုမင်းနောင်သီဆိုသော **"ဇရာ"** အမည်ရှိ သီချင်းတစ်ပုဒ်ကို စတင်နားထောင်ခဲ့ရဖူးသည်။ ဂီတလုလင်မောင်ကိုကိုတို့ တီးဝိုင်းက တီးခတ်ထားသည်။ နောင်အခါသိလာရသည်။ စာသားတေးပြုစာဆို ဗိုလ်ကလေးတင့်အောင်ဖြစ်လေသည်။

ဇရာသီချင်းသည် အသက်အရွယ်ကြီးရင့်အိုမင်းလာပြီဖြစ်သော တံငါအဘိုးအိုတစ်ယောက်နှင့် ပင်လယ်ထဲက ငါးကြီးတစ်ကောင်အကြောင်း ဝတ္ထုဇာတ်ကြောင်းခံ၍ လွမ်းမောစရာ၊ သတိပြုမိစရာ တေးဂီတအနုပညာဖြင့် မြင်ယောင်ကြားယောင်ရသဖန်တီးချက် အောင်မြင်သောလက်ရာတေးတစ်ပုဒ်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က ပေါ်ထွက်ခဲ့ခြင်းဖြစ်သော်လည်း ဇရာသီချင်းသည် စာသားရော၊ သံစဉ်ရော၊ အဆိုရော ကောင်းမွန်လှသဖြင့် ကိုမင်းနောင်၏ ဂန္ထဝင်သီချင်းတစ်ပုဒ်ဆိုနိုင်ပါလိမ့်မည်။ဂီတမှတ်တိုင်တစ်ခုပင်ဖြစ်လောက်သည်။

ဆရာဗိုလ်ကလေးတင့်အောင်သည် စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာ၊ ရုပ်ရှင်ဒါရိုက်တာ၊ တေးပြုစာဆိုဖြစ်ပါသည်။ သဘင်၊ရုပ်ရှင်၊ ဂီတနယ်ပယ်တွင် ကျင်လည်ခဲ့၏။ စကားဝါမြေ ဟူသော "ပန်းတွေသီကူးကြည်နူးမြူးလို့ တေးသံတကျော်ကျော်၊ ရွှေပုပ္ပါးကို ကြွခဲ့နော်" တေးသီချင်း၊ ဂျင်မလေးဂျမ်း(ကိုမင်းနောင်) သီချင်းစသည်ဖြင့် ပရိသတ်မမေ့နိုင်အောင် စွဲလမ်းစေသော တေးသီချင်းများကို ရေးဖွဲ့ခဲ့သည်။ မွေးလွန်းသည့်ပန်း၊ တက္ကသိုလ်ကျောင်းသူတစ်ဦး စသည့်သီချင်းများလည်း လူကြိုက်များခဲ့ပေသည်။ သူရေးဖွဲ့သော ဇရာသီချင်းသည် အမေရိကန်စာရေးဆရာ အားနက်စ်ဟယ်မင်ဝေး ရေးထားသော The Old Man and The Sea **"ပင်လယ်ပြာနှင့် တံငါအို"** ဟူသော ဝတ္ထုရှည်၏ ဖြစ်စဉ်မှမြစ်ဖျားခံကာ ဝတ်မှုန်ကူးလာခဲ့သောအတွေးဟု ယူဆရပေသည်။ စာဖတ်သူများ နှိုင်းယှဉ်ဖတ်ရှု နားထောင်ကြည့်လျှင် လေးနက်သော အနက်အဓိပ္ပာယ်ကို တွေးမိစေရန် သင်္ကေတအလင်္ကာသဘောတင်စားမှုချင်း နီးကပ်နေကြောင်းတွေ့နိုင်လေသည်။ ပင်လယ်ပြာနှင့်တံငါအို။

အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်းသဘောများကို စာအုပ်တစ်အုပ်စီ သီးခြားရေးဖွဲ့တင်ပြခဲ့သော နိုင်ငံကျော်စာရေးဆရာ တစ်ဦးလည်းရှိခဲ့ပေသည်။

**❖ စင်စစ်မူ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားသဘောကို ဝေးစဉ်အခါက သဲသဲကွဲကွဲမမြင်မိကြချေ။ မိမိကိုယ်တိုင်နီးလာပြီ သို့မဟုတ် ရင်ဆိုင်နေရပြီဆိုသောအခါတွင်ကား ပို၍ထင်ရှားပြတ်သားစွာ နားလည်သဘောပေါက်လာရလေသည်။ အဘိဓာသုတ်ကို အချို့စာဖတ်သူတို့သိကြမည်။ နာဖူးကြမည်။ နေ့စဉ်၊ ညစဉ်ရွတ်ဆိုပူဇော်သူလည်းရှိကြပေလိမ့်မည်။ စာဖတ်သူတိုင်း အားလုံးနားလည်လွယ်စေရန် လိုရင်းကိုသာ ကောက်နုတ်၍ မြန်မာစာဖြင့်ဖော်ပြပါရစေ။ လိုရင်းကတော့ မိမိ၏အလုပ် (အတွေး၊ အပြော၊ အပြု) ကံသုံးပါးတို့သည် အမှန်စင်စစ် အားကိုးအားထားပြုစရာ လက်ကိုင်တရားဟု သိမြင်နားလည်ကြရန်ဖြစ်၏။ သတိရှိကြပါလေ။ ❖**

၁။ အိုခြင်းသဘောကို **"ဆန်ဖွပ်သည့် အဘိုးအို"**

၂။ နာခြင်းသဘောကို **"ခုတင်နံပါတ်-၅"**

၃။ သေခြင်းသဘောကို **"ဤခရီးနီးသလား"**

(ဤစာအုပ်သည် ၂၀၁၁ ခုနှစ်ထိ ၁၆ ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသော စံချိန်တင်အရောင်းရဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့လေသည်။)

ဆရာချစ်စံဝင်း(၁၉၄၀-၂၀၂၅) သည် လုံးချင်းစာအုပ်ပေါင်း ၂၁၂ အုပ်ရေးသားထုတ်ဝေခဲ့ပြီး အကြိမ်ကြိမ်ထပ်မံပုံနှိပ်ထုတ်ဝေနေရသော စာအုပ်ပေါင်း ၄၀ ကျော်ကို ပြုစုခဲ့သူလည်းဖြစ်ပေသည်။ အလင်္ကာကျော်စွာဘွဲ့ရခဲ့သည့်အပြင် အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆုလည်း ချီးမြှင့်ဂုဏ်ပြုခံခဲ့ရပါသည်။

စင်စစ်မူ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားသဘောကို ဝေးစဉ်အခါက သဲသဲကွဲကွဲမမြင်မိကြချေ။ မိမိကိုယ်တိုင်နီးလာပြီ သို့မဟုတ် ရင်ဆိုင်နေရပြီဆိုသောအခါတွင်ကား ပို၍ထင်ရှားပြတ်သားစွာ နားလည်သဘောပေါက်လာရလေသည်။ အဘိဓာသုတ်ကို အချို့စာဖတ်သူတို့သိကြမည်။ နာဖူးကြမည်။ နေ့စဉ်၊ ညစဉ်ရွတ်ဆိုပူဇော်သူလည်းရှိကြပေလိမ့်မည်။ စာဖတ်သူတိုင်း အားလုံးနားလည်လွယ်စေရန် လိုရင်းကိုသာ ကောက်နုတ်၍ မြန်မာစာဖြင့်ဖော်ပြပါရစေ။ လိုရင်းကတော့ မိမိ၏အလုပ်(အတွေး၊ အပြော၊ အပြု) ကံသုံးပါးတို့သည် အမှန်စင်စစ် အားကိုးအားထားပြုစရာ လက်ကိုင်တရားဟု သိမြင်နားလည်ကြရန်ဖြစ်၏။ သတိရှိကြပါလေ။

၁။ ငါသည် အိုခြင်းသဘောကို မလွန်ဆန်နိုင်။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၂။ ငါသည် နာခြင်းသဘောကို မလွန်ဆန်နိုင်။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၃။ ငါသည် သေလွန်ခြင်းသဘောကို မလွန်ဆန်နိုင်။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၄။ ချစ်ခင်သူတို့နှင့် သေကွဲ၊ ရှင်ကွဲခွဲရမြဲဖြစ်၏။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၅။ ကိုယ်ပြုသည့်ကံအလျောက် ကောင်းမှု မကောင်းမှု၏အကျိုးဆက်ကို ရမြဲသဘောရှိပေ၏။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၆။ ကံသာလျှင် အားကိုးစရာဖြစ်၏။

နေ့ညဥ့်မပြတ်နှလုံးသွင်းရှုမြင်ဆင်ခြင်အပ်၏။

၇။ ကျားကျား၊ မမ မည်သူမဆို ဤသို့ဆင်ခြင်အပ်၏။

အိုခြင်းသဘောသည် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားသူမဟုတ်ပါက အသက် ၆၀ ကျော်သော် ကျန်းမာရေးအရ၊ လူမှုရေး၊ ဆက်ဆံရေးအရ၊ စီးပွားရေးအရ၊ စားဝတ်နေရေးအခြေအနေအရ ကြိုတင်စီမံပြင်ဆင်ထားမှု တစ်စုံတစ်ခုမရှိခဲ့သော် အတော်ပင်လေးလံခက်ခဲသော ဒုက္ခများနှင့် တွေ့ကြုံရတတ်လေသည်။ သင်ခန်းစာ။

တစ်နေ့က သူငယ်ချင်းတစ်ယောက်သက်ကြီးဂေဟာတွင် ကွယ်လွန်သွားရှာသည်။ ဤဘိုးဘွားရိပ်သာသို့ မိမိတို့သူငယ်ချင်းအချို့က သက်ဆိုင်ရာတာဝန်ရှိသူလူကြီးများထံ အကျိုးအကြောင်းပြောပြတောင်းပန်လျက် သီးခြားအခြေအနေအဖြစ် သက်ညှာစွာ စဉ်းစား၍ နေခွင့်ထားရှိပေးပါရန် အနူးအညွတ်တောင်းပန်လျက်ထားပေးခဲ့ရသည်။ မိမိတို့ရွယ်တူများဖြစ်ကြ၏။ အသက် ၂၀ ကျော်မှ အသက် ၆၀ ထိ တိုင်းပြည်အတွက် ကျရာနေရာ၊ ပေးရာတာဝန်ကို နှစ်ပေါင်း ၄၀ ခန့် ထမ်းဆောင်ခဲ့သော စစ်သားဟောင်းကြီး တစ်ယောက်ဖြစ်ပါ၏။ ပထမတန်းအဆင့်(စစ်ဘက်)ရာထူးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့ဖူးပါ၏။ သို့ရာတွင် အိမ်တွင်းရေးပြဿနာ အထွေထွေကြောင့် အသက် ၇၅ နှစ်ကျော်လာမှ ကိုယ့်ရင်သွေးသားသမီးများက အမွေကိုကား ခွဲဝေယူကြသည်။ ဖခင်အိုမမာမကျန်းသူကိုကား မည်သူကမျှ မပြုစုမစောင့်ရှောက်ချင်ဘဲ ပစ်ထားကြလေသည်။

မိမိတို့လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကာလမှာ ရေစက်ဆုံစည်းခဲ့ကြသဖြင့် ကိုးလကြာမျှ ဗိုလ်လောင်းသင်တန်းတွင် စစ်ပညာများ အတူသင်ယူလေ့ကျင့်ခဲ့ကြသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီကာလပတ်လုံးစစ်မြေပြင်တွင် ခက်ခက်ခဲခဲရှင်သန်တတ်အောင် ပင်ပင်ပန်းပန်း လေ့ကျင့်ခဲ့ကြရ၏။ နေ့လည်းပင်ပန်း၊ ညလည်းသင်ခန်းစာ၊ တောတွေတောင်တွေထဲမှာ ပြေးကြလွှားကြ။ မိုးထဲရေထဲ၊ မြစ်ထဲချောင်းထဲ လက်နက်ခဲယမ်း၊ ကြောပိုးအိတ်များနှင့် ကူးကြဖြတ်ကြ။ တစ်တောဝင်ထွက်၊ တစ်ကုန်းကျော်နင်း၊ စစ်ချီစစ်တက်စစ်ပညာ လက်တွေ့လေ့ကျင့်ခန်းများကို လက်တွဲလုပ်ဆောင်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့မှ ဘွဲ့အသီးသီးရယူခဲ့ကြပြီးသော တက္ကသိုလ်ကျောင်းသားဘဝမှ ရွှံ့တော၊ ဗွက်တော၊ ချုံတော၊ မြက်တောထဲတွင် နောင်အခါဖြတ်သန်းကြရမည့် စစ်မြေပြင်မှာ အောင်မြင်စွာ ဖြတ်သန်းရှင်သန်အောင် ထုသားပေသားကျစွာ မညှာမတာ အမောင်းခံရသည့်အခါ ကစားအတူ၊ သွားအတူ ရဲဘော်ရဲဘက်များဖြစ်လေသောကြောင့် သူ့သားသမီးများက စွန့်ပယ်ထားသော်ငြားလည်း သူငယ်ချင်းအချို့က မနေနိုင်ကြပေ။ လူကြီးများထံ တောင်းတောင်းပန်ပန်နှင့် ဘိုးဘွားရိပ်သာတစ်ခုသို့ အလှူငွေများနှင့်အတူ အပ်နှံခဲ့ကြ၏။ တစ်နှစ်မကြာသေးမီ ဘဝတစ်ပါးသို့ ပြောင်းသွားရှာလေပြီ။

**"ယံ ကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ၊ တဿဒါယာဒေါ ဘဝိဿာမိ"**

**ကောင်းမှု၊ မကောင်းမှု၊ ကိုယ်ပြုသည့်ကံသာ ပဲ့တင်သံပမာ ပြန်လာတတ်သော အကျိုးဆက်သဘောကို ဆင်ခြင်ရှုမြင်ရပါမည်။** မရှောင်လွှဲနိုင်သော အခြေအနေသဘောကို ရဲရဲရင်ဆိုင်ကြရုံသာ။ အိုခြင်းတရား၏ ကြီးမားသော ဆင်းရဲဒုက္ခများမှ သက်သာစေရန် (ရှေးအခေါ် လူအိုရုံ) သက်ကြီးဘိုးဘွားရိပ်သာများကို ရန်ကုန်၊ မင်းကွန်း၊ ပခုက္ကူ၊ ပေါင်းတည်၊ သထုံမြို့များတွင် ထူထောင်လှူဒါန်းခဲ့သော အမြော်အမြင်နှင့် စေတနာကရုဏာကြီးမားလှစွာသော အဘွား ဒေါ်ဦးဇွန်း (၁၈၆၈-၁၉၄၄) နှင့် ပါဝင်ကူသိုလ်ပြုကြသူ အနီးအဝေးမှ အလှူရှင်များအား ဂုဏ်ပြုသာဓုခေါ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# ရေပုတ်သင်အကြောင်းသိကောင်းစရာ

**နှင်းအိ(ရာမညမြေ)**

ရေပုတ်သင်သည် ကုန်းနေ၊ ရေနေသတ္တဝါဖြစ်သော်လည်း ကုန်းပေါ်တွင် အချိန်ကြာမြင့်စွာမနေနိုင်ကြပေ။ ရေထဲသို့ မကြာခဏ ပြန်ဆင်းကြရသည်။ ကုန်းနေ၊ ရေနေသတ္တဝါများတွင် ရေပုတ်သင်အပြင် ဖား၊ မိကျောင်း၊ လိပ်နှင့် အခြားသတ္တဝါများလည်း ပါဝင်သည်။

**သဘာဝအလေ့အထ**

ရေပုတ်သင်သည် ကျောရိုးရှိ သွေးအေးသတ္တဝါဖြစ်သည်။ အသက်ရှူရာတွင် ပါးဟက်နှင့်သာမက အရေပြား၊ အဆုတ်ကိုပါ အသုံးပြုကြသည်။ ဤသတ္တဝါတွင် အကြေးခွံများမရှိပေ။ ရေပုတ်သင်ကို ရေနှင့်အနီးတစ်ဝိုက်နေရာများနှင့် စိုစွတ်သော ပတ်ဝန်းကျင်များတွင် တွေ့နိုင်ပြီး ရှည်လျားသော အမြီးပါကြသည်။ ရေပုတ်သင်ကို အင်္ဂလိပ်လို **"Himalayan newt or crocodile newt"**ဟု အမည်တွင်ပြီး သိပ္ပံအမည်မှာ **"Tylototriton Verrucosus"** ဖြစ်သည်။ အရွယ်ရောက်ပြီးသော ရေပုတ်သင်သည် အသားစားသတ္တဝါဖြစ်ပြီး အများစုမှာကျောရိုးမဲ့ အင်းဆက်များကို စားသုံးကြသည်။ အရွယ်မရောက်သေးသော ရေပုတ်သင်ငယ်များမှာမူ အပင်များ၊ ရေညှိနှင့် အခြားသော ရေထဲရှိ အပင်များကိုစားသုံးကြသည်။

ရေပုတ်သင်သည် ဥဥခြင်းဖြင့် မျိုးပွားသည်။ ၎င်းတို့ ဥချလိုက်သောဥများမှာ ရက်သတ္တပတ်နှစ်ပတ်မှ လေးပတ်အတွင်း သားလောင်းများပေါက်လာကြသည်။ ထိုသားလောင်းများမှတစ်ဆင့် အရွယ်ရောက်ပြီး အကောင်များဖြစ်လာသည်။ ဥများကို အများအားဖြင့်ရေထဲတွင် ဥတတ်ကြသည်။ ရေပုတ်သင်သားလောင်းကလေးသည် ပါးဟက်ဖြင့် အသက်ရှူသည်။ အရွယ်ရောက်ပြီးရေပုတ်သင်၏ ခန္ဓာကိုယ်အရွယ်အစားမှာ ရှစ်လက်မမှ ၁၀ လက်မထိရှိပြီး ပျမ်းမျှသက်တမ်းမှာ ၁၀ နှစ် ထိ ရှိကြောင်း သိရသည်။

ရေပုတ်သင်သည် ကျောဘက်တွင် အညိုရောင်ရှိပြီး ဝမ်းဗိုက်တွင် အညိုဖျော့ရောင်နှင့် အမြီးမှာ ပြား၍ အမြီး၊ ခေါင်း၊ ခြေ လက်တို့မှာ လိမ္မော်ရောင်ရှိသည်။ မြန်မာနိုင်ငံတွင် ရေပုတ်သင်မျိုးစိတ် စုစုပေါင်း ရှစ်မျိုးရှိကြောင်းသိရသည်။ ၎င်းတို့မှာ ယူနန်ရေပုတ်သင်၊ တောင်ကြီးရေပုတ်သင်၊ ရှောင်ရေပုတ်သင်၊ ကချင်ရေပုတ်သင်၊ မန်ဒရင်းရေပုတ်သင်၊ အုမ်ဖန်ရေပုတ်သင်၊ ပန်ဝါရေပုတ်သင်၊ ချင်းမိုင်ရေပုတ်သင်တို့ဖြစ်သည်။ ယူနန်ရေပုတ်သင်ကို မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင်လည်းကောင်း၊ တောင်ကြီးရေပုတ်သင်ကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့အနီး တစ်ဝိုက်တွင်လည်းကောင်း၊ ရှောင်ရေပုတ်သင်ကို ရှမ်းပြည်နယ် ရှောင်မြို့နယ်တွင်လည်းကောင်း၊ ကချင်ရေပုတ်သင်ကို မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင်လည်းကောင်း၊ မန်ဒရင်းရေပုတ်သင်ကို ရှမ်းပြည်နယ်အရှေ့ပိုင်း တရုတ်နယ်စပ်တွင်လည်းကောင်း၊ အုမ်ဖန်ရေပုတ်သင်ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ပန်ဝါရေပုတ်သင်ကို ကချင်ပြည်နယ် အရှေ့မြောက်ပိုင်း မြစ်ကြီးနားခရိုင် ပန်ဝါမြို့နယ်တွင်လည်းကောင်း၊ ချင်းမိုင်ရေပုတ်သင်ကို ရှမ်းပြည်နယ် မိုင်းဆတ်မြို့တွင်လည်းကောင်း တွေ့ရသည်။



**ကင်ဆာနှင့် ဆေးယဉ်ပါးမှုတို့ကို ကုသရာတွင် အသုံးဝင်**

ရေပုတ်သင်တို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်မှုဖြစ်ပွားပါက ပြန်လည်ဖြစ်တည်နိုင်သည်။ အရေပြားမှ ထွက်ရှိသော အကျိအချွဲများတွင် ကင်ဆာနှင့် ပဋိဇီဝဆေးယဉ်ပါးမှုတို့ကို ကုသနိုင်သည့် ပက်ထိုက်ဒ် (Peptides)ဓာတ်များ ပါဝင်နေကြောင်းကို ဟားဗတ်တက္ကသိုလ်နှင့် စပိန်နိုင်ငံ အမျိုးသားသုတေသနကောင်စီမှ သုတေသီများ လေ့လာတွေ့ရှိခဲ့ကြသည်။ ရေပုတ်သင်များသည် ၎င်းတို့၏ ခြေလက်အင်္ဂါများ၊ ကျောရိုးများ၊ နှလုံးနှင့် ဦးနှောက်အစိတ်အပိုင်းများကိုပင် ပြန်လည်ဖြစ်တည်စေနိုင်သည့်စွမ်းရည်ကြောင့် သိပ္ပံလောကတွင် ထင်ရှားသော သတ္တဝါဖြစ်သည်။ သို့သော် ယခုအခါ ၎င်းတို့၏ အရေပြားမှထွက်ရှိသော အကျိအချွဲများသည် ဆေးဘက်ဆိုင်ရာအတွက် အဖိုးတန်သော ရတနာများဖြစ်လာနိုင်ကြောင်းတွေ့ရှိရသည်။ အဆိုပါ အကျိအချွဲများသည် ပုံမှန်အားဖြင့် ပတ်ဝန်းကျင်ခြိမ်းခြောက်မှုများမှကာကွယ်ရန် ထုတ်လွှတ်သောအရာများဖြစ်သည်။ သိပ္ပံပညာရှင်များသည် ခေတ်မီနည်းပညာများကို အသုံးပြု၍ ရေပုတ်သင်များ၏ ဓာတုဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာခဲ့ရာ ယခင်က မသိရှိခဲ့ဖူးသော ပက်ထိုက်ဒ်(Petides)ဓာတ်၁၀၀ ကျော်ကိုဖော်ထုတ်နိုင်ခဲ့သည်။ ဒြပ်ပေါင်းတချို့သည် ဓာတ်ခွဲခန်းစမ်းသပ်မှုများတွင် ကင်ဆာဆဲလ်များနှင့် ဆေးယဉ်ပါးရောဂါဖြစ်သည့် ဘက်တီးရီးယားများကို သေစေနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ရသည်။ ပက်ထိုက်ဒ် (Petides)များသည် တိရစ္ဆာန်များ၏ ကိုယ်ခံအားစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဘက်တီးရီးယားပေါများသော ပတ်ဝန်းကျင်တွင် ရှင်သန်နိုင်သည်။ ယခုလို ရှာဖွေတွေ့ရှိမှုသည် အထူးပင် စိတ်ဝင်စားဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပဋိဇီဝဆေးယဉ်ပါးမှုသည် ကမ္ဘာ့ကျန်းမာရေးခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်လာကြောင်းသိရသည်။ ကမ္ဘာပေါ်တွင် ဆေးယဉ်ပါးရောဂါများသည် တစ်နှစ်လျှင် လူပေါင်း ၁ ဒသမ ၂၇ သန်းကျော်ကို သေဆုံးစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ဘေးထွက်ဆိုးကျိုးနည်းပါးသော သဘာဝအရင်းအမြစ်များမှ ရရှိသည့် ကင်ဆာကုသမှု နည်းလမ်းသစ်များအတွက် လိုအပ်ချက်မှာလည်း တိုးပွားလျက်ရှိသည်။

အသက်ကယ်ဆေးဝါးဖြစ်လာနိုင်သည့် ဒြပ်ပေါင်းများစွာကို သတိမပြုမိသော မျိုးသုဉ်းလုနီးပါးဖြစ်သည့် ရေပုတ်သင်မျိုးစိတ်များတွင် တွေ့ရှိရခြင်းသည် ဆေးပညာလောကတိုးတက်မှုအတွက် အထောက်အကူတစ်မျိုးပင်ဖြစ်သည်။

**ရေပုတ်သင်နှင့် အဆိပ်**

ရေပုတ်သင်သည် လူသားများအတွက် အကျိုးပြုသော ကုန်းနေရေနေသတ္တဝါဖြစ်သော်လည်း၊ အချို့မျိုးစိတ်များသည် လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သောအဆိပ်များရှိသည်။ ကြမ်းတမ်းပြီး ခြောက်သွေ့သော အရေခွံရှိသည့် ရေပုတ်သင်များတွင် လူကိုသေစေနိုင်လောက်သည်ထိ ပြင်းထန်သော အဆိပ်ရှိသည်။ အချို့ရေပုတ်သင်မျိုးစိတ်များမှာ ချောမွေ့စိုစွတ်သော အရေခွံရှိ၍ အဆိပ်မရှိသော်လည်း အဆိပ်ပြင်းသည့် ရေပုတ်သင်မျိုးစိတ်မှာ ကြမ်းတမ်းသော အရေခွံရှိသည်။ အရွယ်ရောက်ပြီး သားမျိုးစိတ်များမှာ အညိုရောင်ခေါင်းနှင့် တောက်ပသောလိမ္မော်ရောင်ဝမ်းဗိုက်ရှိသည်။ ရေပုတ်သင်များသည် သားကောင်များ၏ရန်မှ ကာကွယ်နိုင်ရန် အရေခွံနှင့် ဥများတွင် အဆိပ်များရှိတတ်သည်။ ၎င်းတို့ကို စိတ်အနှောင့်အယှက်ဖြစ်သောအခါ နို့ရည်ကဲ့သို့သော အဖြူရောင်အဆိပ်များကို ခန္ဓာကိုယ်မှ ထုတ်လွှတ်သည်။ အဆိုပါ အဆိပ်များနှင့် မထိမိစေရန် သတိပြုသင့်သည်။ ရေပုတ်သင်၏ အဆိပ်မှာ အရေပြားယားယံခြင်းကိုဖြစ်စေပြီး ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်တွင်းရောက်ရှိပါက အကြောသေခြင်းနှင့် သေဆုံးခြင်းကို ဖြစ်စေနိုင်သည်။

ကုန်းနေရေနေ သတ္တဝါဖြစ်သော ရေပုတ်သင်သည် သဘာဝအားဖြင့် လူသားတို့အတွက် ကောင်းကျိုးများရရှိနိုင်သော်လည်း အချို့မျိုးစိတ်များတွင် လူကို အန္တရာယ်ဖြစ်စေသော အဆိပ်များပါရှိသောကြောင့် သတိပြုသင့်ပါကြောင်း လေ့လာတင်ပြလိုက်ပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၄)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)

# ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကောလင်း ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧကရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၄၄၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၉၉၃၂၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၆၇ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၅၆၁၃၆ ဧက စုစုပေါင်း ၁၉၄၄၃၁ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၇၉ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ စပါး ၁၉၄၄၃၁ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာနဲ့ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းနိုင်ဖို့နဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေးပညာပေးခြင်း၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေးအသိပညာပေးခြင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၇၆၆၆၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၆၆၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၇၆၆၆၀ ကို ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါ စပါးများကို လျာထားဧက ထက် ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသခံ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီး ဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကန့်ကြီးထောင့်မြို့နယ်မှာ စပါးဧက ၇၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ စပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးဖြစ်တာကြောင့် စိုက်ပျိုးရေရရှိရေးနဲ့ မြေဩဇာတွေ သက်သာတဲ့ဈေးနှုန်းနဲ့ ရရှိအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် စပါး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ၂၅၂၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၁၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် ပညာပေး တာတွေရှိပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ဧရချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လေလံကော်မတီအဖွဲ့မှ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ (၆၀ x ၆၀ A) (၁၂၉ x ၁၃၀)လမ်းကြား၊ အကွက်(၁၁-၉)၊ ဦးပိုင်(၄၇)၊ ဧရိယာ(၀.၀၅၅၁)ဧကရှိ မြေကွက်အား လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ (၆၀x၆၀A)(၁၂၉x၁၃၀) လမ်းကြား၊ အကွက်(၁၁-၉)၊ ဦးပိုင်(၄၇)၊ ဧရိယာ(၀.၀၅၅၁)ဧကရှိ မြေကွက်အား အိတ်ဖွင့် လေလံတင်ရောင်းချမည်ဖြစ်သဖြင့် ဝယ်ယူလိုသူများအနေဖြင့် အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) လျှောက်လွှာပုံစံရောင်းချပေးမည့် ရက်/နေရာ | - | ၂၇-၁-၂၀၂၆ ရက်နေ့ (အင်္ဂါနေ့) ၆၅ လမ်း၊ (၂၂ x ၂၃)လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး |
| (ခ) လျှောက်လွှာပုံစံပိတ်မည့် ရက်/အချိန် | - | ၁၀-၂-၂၀၂၆ ရက်နေ့(အင်္ဂါနေ့) ညနေ (၃:၀၀)နာရီ |
| (ဂ) လေလံပွဲကျင်းပမည့် ရက်/အချိန် နေရာ | - | ၁၉-၂-၂၀၂၆ ရက်နေ့(ကြာသပတေးနေ့) နံနက်(၁၀)နာရီ ၆၅ လမ်း၊ (၂၂ x ၂၃) လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး |

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၉-၄၂၄၂၃၄၀၉၀ နှင့် ၀၉-၇၈၉၇၈၉၆၅၉ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ အရှေ့လားသော် ဦးမြင့်သန်းဌေး၊ အနောက် လားသော်လမ်း၊ တောင်လားသော်ချောင်း၊ မြောက်လားသော် ဦးရန်ပိုင်ထွန်း၊ ယင်းနယ်လေးရပ်အတွင်းရှိ ဦးဆက်ပိုင်(၉/မခန(နိုင်)၂၅၆၄၆၃)ကိုင်ဆောင်သူမှ အလျား ၂၇'-၀"၊ အမြင့် ၂၅'- ၀" RC (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### တစ်ဦးတည်းဖြစ်ပါကြောင်း

နွားထိုးကြီးမြို့နယ်၊ ထန်းတောကျေးရွာနေ မောင်မင်းမျိုးစံ(၉/နထက(နိုင်)၁၉၀၀၈၅)၏မိခင် အမည်မှန်မှာ ဒေါ်သီတာ (ခ) ဒေါ်သီတာဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်သီတာ (ခ) ဒေါ်သီတာဝင်း(၉/နထက(နိုင်)၁၀၂၆၅၆)

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ခန်လူးအခြေခံပညာအလယ်တန်းကျောင်း၊ ပဥ္စမတန်းတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၀၃၁၆)မရှင်းသန့်ဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်သူအောင်ဖြစ်ပါကြောင်း။
ဦးကျော်သူအောင်(၇/အဖန(နိုင်)၁၄၇၈၀၂)


### ပျောက်ဆုံးကြောင်း

အမှတ်(၄၀၄)၊ စန္ဒာလမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့နေ ဦးစိုင်းခင်မောင်၏သား မောင်ကျော်ဇင်ဦး(၁၃/တကန(နိုင်)၂၀၅၂၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-408779948

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ လယ်ဦးရပ်ကွက်နေ ဦးအိုက်စိုင်း (ဘ) ဦးရွက်ဆိုင်း(၅/ခတန(နိုင်)၀၀၄၃၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-792222888





လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လဝီရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက်အကာအကွယ်ပေးနိုင်...

❖ သစ်ပင်စိုက်ပျိုးခြင်း၊သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများဖြစ်ပေါ်ရရှိလာမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြုလုပ်သော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၁၇

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့်စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အပိုင်းလိုက်ကျင်းပဆောင်ရွက်ပေးခဲ့ရာ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များအကြားမှ အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌လည်းကောင်း၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ မြို့နယ်၌လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဇန်နဝါရီ၂၅ ရက်တွင် မြို့နယ် ၆၁ မြို့နယ်၌ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်ထိ မည်သည့်ဖိအား တစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွစည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာ နိုင်ငံသားတစ်ယောက်၏ တာဝန်ကျေပွန်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုက ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးရေး၊ အစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီစွာကြိုးပမ်းဆောင်ရွက်မှုများကို မလိုလားဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ပျက်စီးစေပြီး ရွေးကောက်ပွဲအထမမြောက်စေရေး၊ အေးချမ်းစွာဆန္ဒမဲပေးမှုများ ဆောင်ရွက်နေကြသည့် မဲဆန္ဒရှင်ပြည်သူများ

စာမျက်နှာ ၂၅ ကော်လံ ၁ ☆

## ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို တတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင်အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို

စာမျက်နှာ ၂၄ ကော်လံ ၁ ❖

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို တတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်စဉ်။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက် လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သဘောထားမှတ်ချက်များ**

စာမျက်နှာ - ၂၁

**အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ မြန်မာနိုင်ငံက ရွှေအခု ၂၀၊ ငွေ ၁၉ ခု၊ ကြေး အခု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခု ဆွတ်ခူး**

စာမျက်နှာ - ၈


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar